# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




# စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်စွမ်းမြှင့်တင်

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြီးခဲ့သည့် ဇူလိုင် ၁၃ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝင်ငွေရရှိရန် လိုအပ်သည်။ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံ့ဝင်ငွေများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန် တင်ပို့နိုင်ရေး စသည်တို့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သော်လည်း ဖွံ့ဖြိုးမှုနည်းပါးနေသည်ကို တွေ့မြင်နိုင်သည်။ အဓိက အကြောင်းရင်းများအနေဖြင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်း၊ ခေတ်မီနည်းပညာများ ရရှိမှုနည်းပါးခြင်း၊ ကူညီပံ့ပိုးမှုစနစ်များ အားနည်းခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။ ထုတ်လုပ်မှုစွမ်းအားနိမ့်ကျသည့်အလျောက် ဝင်ငွေမှာလည်း နည်းပါးလျက်ရှိရာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် များစွာကွာဟလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ စိုက်ပျိုးရေးလုပ်သားတစ်ဦး၏ ကုန်ထုတ်လုပ်မှု စွမ်းအား (Labour Productivity) နှိုင်းယှဉ်ချက်တွင် အာဆီယံနိုင်ငံများ၌ ပျမ်းမျှတစ်ဦးလျှင် ၁၃၂၈ ဒေါ်လာဖြစ်ပြီး မြန်မာက ဒေါ်လာ ၃၀၀ ခန့်သာဖြစ်သည်။ မြေယာကုန်ထုတ်လုပ်မှုစွမ်းအား (Land Productivity) တွင်လည်း မြေတစ်ဟက်တာ ထုတ်လုပ်မှုအနေဖြင့် အာဆီယံနိုင်ငံများ၌ ပျမ်းမျှတစ်ဟက်တာတွင် ၁၄၉၂ ဒေါ်လာဖြစ်ပြီး မြန်မာက ၄၅၁ ဒေါ်လာသာ ထုတ်လုပ်နိုင်စွမ်း ရှိသည်။ အခြား CLMV နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားက ၆၂၇ ဒေါ်လာ၊ လာအိုက ၈၂၂ ဒေါ်လာ၊ ဗီယက်နမ်က ၁၉၇၈ ဒေါ်လာ အသီးသီးရှိရာ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်သားတစ်ဦး၏ ထုတ်လုပ်နိုင်စွမ်းအနေဖြင့်ရော မြေတစ်ဟက်တာ၏ ထုတ်လုပ်နိုင်စွမ်းအနေဖြင့်ပါ လွန်စွာနိမ့်ကျနေမှုကို အားသွန်ခွန်စိုက် မြှင့်တင်နိုင်ရန် လိုအပ်လျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွက် စားရေရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ မြင့်မားလာရေး၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ရာ အောင်မြင်မှုရရှိနိုင်ရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနသာမက စိုက်ပျိုးမွေးမြူတောင်သူများ၊ လုပ်ငန်းရှင်များနှင့် အခြားဆက်စပ်ကဏ္ဍများကပါ ဝိုင်းဝန်းကြိုးပမ်းကြရန်လိုသည်။ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သည့်အလျောက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းကာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမှာလည်းဖြစ်သည်။

"နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေး နည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တီထွင်ကြံဆလုပ်ဆောင်ခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှု မမျှတဘဲ ကုန်ဈေးနှုန်းများ ကြီးမြင့်နေရခြင်းဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှု မျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း။" နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်နှင့်အညီ မြန်မာ့လယ်ယာကဏ္ဍတွင် ခေတ်မီနည်းစနစ်များ၊ တီထွင်ကြံဆမှုများဖြင့် အစိုးရ၊ တောင်သူ၊ ပုဂ္ဂလိကပိုင်းတို့က စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက် ကြိုးပမ်းလျက် စိုက်ပျိုးမွေးမြူ ကုန်ထုတ်စွမ်းအားတို့ တိုးတက်မြင့်မားနိုင်ပါစေကြောင်း။ ။

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့ရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ့ထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံ့ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန
(၅-၇-၂၀၂၃)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ **မိုး/ဇလ**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၂ ဒသမ ၅၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၃၈ ဒသမ ၈၀၉၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၅ ဒသမ ၀၀၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၄၉ ဒသမ ၃၉၀၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၁ ဒသမ ၂၅၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၄၃ ဒသမ ၃၉၀၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၃ ဒသမ ၆၇၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၅၁ ဒသမ ၆၈၁၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားခဲ့သော်လည်း အဆိုပါနေ့ရက်များတွင် လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် SHWE Phase 4 Development Project အရ Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကဗျာအတွေးအမြင်ရေးသားမှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**သံတွဲ ဇူလိုင် ၂၀**

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club, Youth Club တို့ ပူးပေါင်းကျင်းပသည့် ကဗျာအတွေးအမြင် ရေးသားမှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါအဆောက်အဦရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေချစ်မြတ်နိုးသူများအဖွဲ့ ( Book Club ) ဥက္ကဋ္ဌ ဦးစောလှိုင်က ဆုရွေးချယ်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာအတွေးအမြင် ရေးသားမှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးလှဟန်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။ (ဓါတ်ပုံ)

ယခုလိုပြိုင်ပွဲများ ကျင်းပပေးရခြင်းမှာ ကျောင်းသား ကျောင်းသူလေးများ စာပေတန်ဖိုးကို ချစ်မြတ်နိုးပြီး စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ သိရှိစေရန်၊ စာအုပ်စာပေကောင်းများကို လေ့လာရှာမှီးတတ်စေရန်၊ အတွေးအခေါ် ရင့်သန်လာစေရန်နှင့် အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

**သန့်ဇင်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ မိုးမခချောင်းအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ပေါများစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်စေရန်အတွက် တွံတေးမြို့နယ် မိုးမခချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါချောင်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်၊ တွံတေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွန်း၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်နှင့် ဝန်ထမ်းများ၊ တံခွန်တိုင်ကျေးရွာ ဒေသခံပြည်သူများက တွံတေးငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ စုစုပေါင်းသားပေါက်ကောင်ရေ ၅၀၀၀၀၀ ကို မိုးမခချောင်းအတွင်းသို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

**❍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား ကျင်းပပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်အထိ ဘုရားဖူးပြည်သူများအားလုံးကို မင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မည်သူမဆို လုံခြုံရေးအရ စစ်ဆေးမှုခံယူပြီး အခမဲ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုမည်**

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သဲဖြူကုန်းတော်မြေနေရာတွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

## မြေနေရာ ၂၂၈ ဧကကိုပါ လွှဲပြောင်း

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပစွာတည်ရှိနေမှုကို ကမ္ဘာသို့ပြသရန်၊ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်စသည့် မွန်မြတ်သည့် စိတ်ရင်းစေတနာတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘူမိနက်သန်နေရာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီး စကျင်တောင်တော်ဖြစ်ပြီး မူလစကျင်ကျောက်တုံးကြီးကို Anglo Mining Co.LTD လုပ်ကွက်အတွင်းမှ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တွေ့ရှိခြင်းဖြစ်ကြောင်း၊ **ကုမ္ပဏီပိုင်ရှင်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် အလို့ငှာ ရွှေဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ရာ ရွှေဖောင်ဒေးရှင်းမှတစ်ဆင့် လုပ်ဆောင်နိုင်မည့်စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်းအမြစ်များစွာ ပြည့်စုံမှုရှိသည့် တပ်မတော်သို့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်တည်ဆောက် တည်ထားကိုးကွယ်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့**ကြောင်း၊ ထို့အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရန် မြေနေရာ ၂၂၈ ဧက ကိုပါ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း။

တပ်မတော်အနေဖြင့် ထိုသို့လွှဲပြောင်းလက်ခံရရှိခဲ့ပြီး စကျင်ကျောက်တော်ကြီး၏ အခြေအနေကို အသေးစိတ်လေ့လာနိုင်ရန် တပ်မတော်မှ တာဝန်ရှိအဖွဲ့များသည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် သွားရောက်ကြည့်ရှုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စကျင်ကျောက်တော်ကြီးကို တူးဖော်ထုတ်လုပ်ခြင်း၊ ဒီဇင်ဘာလတွင် ထုဆစ်ရန် ဆင်းတုတော်လေးဖက်ရိုက်ပုံစံ ဖြတ်တောက်ခြင်း၊ ၂၀၁၉ ခုနှစ် မတ်လတွင် လေးဖက်ရိုက်ပုံစံဖြတ်တောက်ပြီးစီးမှုအပေါ် ဆင်းတုတော်အချိုးမှန်တွက်ချက်ပြီး စကျင်ကျောက်တော်ကြီးအား ဗုဒ္ဓရုပ်ပွားတော် အပိုင်း ၄ ပိုင်း ခွဲခြားထုဆစ်ရခြင်း၊ ပလ္လင်တော်သီးသန့်အတွက် အပိုင်း ၅ ပိုင်းခွဲ၍ ထုဆစ်ရန်သတ်မှတ်ခြင်း၊ အပိုင်းလိုက် စကျင်ကျောက်တော်များ အပိုင်းလိုက်ခွဲ၍ သယ်ဆောင်ခြင်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း။

တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ၂၁ လအကြာ ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ပင့်ဆောင်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ရေကြောင်းမှ ပင့်ဆောင်ခြင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကုန်းလမ်းကြောင်းမှ ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်တွဲဆက်ခြင်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိလည်းကောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ CNC စက်ဖြင့် ထုဆစ်ခြင်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိလည်းကောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ တွဲဆက်နေရာချထားခြင်းကို ၂၀၂၂ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိလည်းကောင်း၊ ဆင်းတုတော်အပိုင်း ၁၊၂၊၃ တွဲဆက်ခြင်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလအထိလည်းကောင်း၊ တွဲဆက်ပြီး ဆင်းတုတော်အပိုင်း ၁၊၂၊၃ ကို ပင့်ဆောင်ရန် ဆောင်ရွက်မည့် Gantry Tower Crane ပြင်ဆင်ခြင်းကို ၂၀၂၂ ခုနှစ် ဇွန်လ မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိလည်းကောင်း၊ Gantry Tower Crane ဖြင့် ပြီးစီးသွားသည့် ဆင်းတုတော်အပိုင်း ၁၊၂၊၃ ပင့်ဆောင်ခြင်းနှင့် ရတနာပလ္လင်တော်အပေါ်သို့ ပင့်ဆောင်နေရာချထားခြင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ ဆင်းတုတော်အပိုင်း ၄ ပင့်ဆောင်ခြင်းနှင့် ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်နေရာချထားခြင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ အချောသပ် လက်မှုလုပ်ငန်းနှင့် ဆေးသက်န်း ကပ်လှူခြင်းကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ဥဏ္ဏာလုံမွေးရှင်တော်ဓာတ် စီသွင်းပူဇော်ခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း။

## လေ့လာခွင့်များရရှိလာမည်

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်နေရာ စတင်ပန္နက်တော်တင်ခြင်း ဆောင်ရွက်ချိန်မှ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပပူဇော်မည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) (၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် ) အထိဆိုလျှင် ရက်ပေါင်း ၁၁၄၃ ရက်ကာလအတွင်း သတ်မှတ်လုပ်ငန်းစဉ်များအားလုံးကို တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များအနေဖြင့် ကိုဗစ်-၁၉ အပြင်းထန်ဆုံးကာလနှင့် အခြားအခက်အခဲများကို ဖြတ်ကျော်၍ နေ့မအား ညမနား ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့သော ရလဒ်အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် (ဒုတိယဝါဆိုလပြည့်) တွင်ကျင်းပမည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သဲဖြူကုန်းတော်မြေတွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပခြင်းနှင့်အတူ ကမ္ဘာပေါ်၌ အလေးချိန် အများဆုံးနှင့် ဉာဏ်တော်အမြင့်ဆုံး အံ့မခန်းဖွယ်ရာ ကျောက်သားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများနှင့် ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားကိုးကွယ်ကြသည့် ကမ္ဘာ့နိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုဆိုင်ရာ တည်ဆောက်ရေး အသိပညာ အတတ်ပညာများကို လေ့လာလိုကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လေ့လာရေးသုတေသီများ၊ ဖူးမြော်ကြည်ညို ကုသိုလ်သဒ္ဓါပွားများခြင်းနှင့် လေ့လာခွင့်များရရှိလာမည်ဖြစ်ကြောင်း။

အလားတူ **ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင် ၄၅ ဝါ ပတ်လုံး ဟောကြား ဆိုဆုံးမတော်မူခဲ့သည့် ဝိနည်း၊ အဘိဓမ္မာနှင့် သုတ္တန်ဒေသနာတော်များ ကမ္ဘာတည်သရွေ့မပျက်စီးဘဲ ကမ္ဘာ့သာသနာ့ဗုဒ္ဓစာကြည့်တိုက်ကြီးအဖြစ် တည်ရှိနေစေရေးအကျိုးငှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ အရပ်မျက်နှာ၌ ဝိနည်းကျောက်စာရုံ စေတီ ၉၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံ စေတီ ၂၁၆ ဆူနှင့် သုတ္တန်ကျောက်စာရုံ စေတီ ၄၀၈ ဆူ စုစုပေါင်း ကျောက်စာရုံစေတီ ၇၂၀ ကို တစ်ဆူလျှင် ကျောက်စာချပ် နှစ်ချပ်၊ ကျောက်စာတစ်ချပ်တွင် ပါဠိဘာသာတစ်ဖက်၊ ရှိမန်ဘာသာတစ်ဖက်ရေးထိုးထားပြီး ၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက်မှ ဇွန်လ ၃၀ ရက်တွင် တည်ဆောက်ခဲ့**ကြောင်း၊ ကျောက်စာချပ်များပေါ်တွင် စာသားရေးထွင်းမှုကို ကွန်ပျူတာထိန်းချုပ် စက်ယန္တရားများ အကူအညီဖြင့် ၂၀၂၂ ခုနှစ် မေလ ၁၃ ရက်မှစတင်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ကျောက်စာချပ် စတင်စိုက်ထူမှုကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၁ ရက်တွင် စတင်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် **စတင်တူးဖော်ချိန်မှ လုပ်ငန်းစဉ် ၈ ရပ် အကောင်အထည်ဖော်ပြီးစီးသည့် အချိန်အထိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများကသာ ဆောင်ရွက်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရ**ကြောင်း။

ယခုလို ပြည်ပပညာရှင် တစ်ဦးတစ်ယောက်မျှမပါဘဲ မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များဖြင့်သာ ဆောင်ရွက်နိုင်မှုကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခု အံ့မခန်းဖွယ်ရာ ပေါ်ပေါက်လာမှုကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ဘုရားဒါယကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇွန် ၂၉ ရက်တွင် သာသနာရေးဆိုင်ရာသာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စုစုပေါင်း ၂၈၀ တို့အားလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ယာယီသမ္မတ ဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန် အပါအဝင် အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ စုစုပေါင်း ၅၁ ဦးတို့အား စကျင်ကျောက်တုံးတော်ကြီး စတင်တွေ့ရှိမှု၊ တူးဖော်မှုမှစ၍ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား ပြုလုပ်မည့်အချိန်အထိ ဦးဆောင်ဘုရားဒါယကာကိုယ်တိုင် ဦးစီးလျက် လုပ်ငန်းတာဝန်ရှိသူအဆင့်ဆင့်တို့၏ စနစ်တကျ စီမံဆောင်ရွက်မှုအပေါ် ရှင်းလင်းပေးခဲ့ရာ တက်ရောက်လာသည့် ဧည့်ပရိသတ်များကလည်း ရှင်းလင်းပေးမှုအပေါ် အာရုံပြု၍ ကြည်ညိုသဒ္ဓါတရား ထက်သန်မှုများ အရှိန်အဟုန်မြင့်တက်လျက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ဗုဒ္ဓဥယျာဉ်တော်တစ်ခုလုံးအတွက် ဘဝနောင်ရေး ကုသိုလ်ယူစိတ်တို့ဖြင့် ပါဝင်လှူဒါန်းမှုပြုကြရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လှူဒါန်းမှုအလှူငွေ စုစုပေါင်းမှာ ၁၆ ဘီလီယံကျော်ဖြစ်ပါကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အဦများအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ရေစက်သွန်းချအမျှပေးဝေမှုမတိုင်မီ လှူဒါန်းရသောအလှူသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပေါ်ပေါက်လာရေးအတွက် ကနဦးလှူဒါန်းကြရသည့် ထူထောင်ကြသူ (Founder) များ ဖြစ်လာကြတော့မည်ဖြစ်ကြောင်း၊ မကြာမီကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်း ရေစက်ချ မင်္ဂလာအခမ်းအနား ဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက် အလှူရှင်အဖြစ်သာ ကုသိုလ် ကံအကျိုးတရား ခံစားကြရမည်ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ အသိပေးလိုပါကြောင်း။

ဆက်လက်ပြီး မြတ်ဗုဒ္ဓ၏ ဘာသာ၊ သာသနာအကျိုးငှာ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ရက်ရောစွာ လှူဒါန်းမှု ပြုခဲ့ကြ၍ နိုင်ငံတော်အစိုးရအဆက်ဆက်မှ ဂုဏ်ပြုချီးမြှင့်ခဲ့သည့် ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိသူများအနက်မှ ပထမအကြိမ် ရှင်းလင်းပွဲ၌ မပါရှိသူများကိုလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကမ္ဘာ့သာသနာ့ ဗုဒ္ဓစာကြည့်တိုက်အဖြစ် တည်ရှိနေမည့် ကျောက်စာရုံစေတီတော်များ အပါအဝင်ဗုဒ္ဓဥယျာဉ်အတွင်းရှိသာသနိကအဆောက်အဦများ ဖြစ်ပေါ်လာမှုအဆင့်ဆင့်တို့အား ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ခွင့်နှင့် ကြည်ညိုသဒ္ဓါပွားများနိုင်စေရေးအလို့ငှာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့)တွင် တတိယအကြိမ် ရှင်းလင်းပြသပေးမည်ဖြစ်ကြောင်းကိုလည်း သတင်းကောင်း ပြောကြားလိုပါကြောင်း။

## ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

ထို့ကြောင့် ဆင်းတုတော် ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ဉာဏ်တော်အမြင့် ၈၁ ပေနှင့် ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်အလေးချိန် တန် ၃၅၁၀ စုစုပေါင်း ၅၂၉၂ တန်ရှိသည့် ရတနာပုံခေတ် ဘူမိဖဿပုံစံ ထုဆစ်ထားတော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြီးမားသောရည်ရွယ်ချက်ကောင်းများဖြင့် ကမ္ဘာ့သာသနာ့ဗုဒ္ဓစာကြည့်တိုက်အဖြစ် ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူနိုင်ရေးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် သာသနိကအဆောက်အဦများ ရေစက်ချကုသိုလ်တော်မင်္ဂလာအခမ်းအနားများ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ၉ ခု ဖွဲ့စည်းပေးခဲ့ကြောင်း၊ အခမ်းအနားကျင်းပမည့်ရက် အချိန်နီးကပ်သည့်အတွက် ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှုများ၊ ဗဟိုကော်မတီမှ ပံ့ပိုးပေးရန်လိုအပ်မှု၊ ဆပ်ကော်မတီအလိုက် ဇာတ်တိုက်လေ့ကျင့်မှုများကို နေ့၊ ည အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မင်္ဂလာအခမ်းအနားကျင်းပရာတွင် ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများ၊ ပြည်တွင်းထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ သံဃာတော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ အလှူရှင်များအပါအဝင် အခမ်းအနားသို့ ကြွရောက်လာကြမည့် သံဃာတော်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအခမ်းအနား စတင်ကျင်းပချိန်မှပြီးဆုံးချိန်အထိ အခမ်းအနားများအလိုက် စိတ်နှလုံးရွှင်လန်းအေးချမ်းစွာဖြင့် ကုသိုလ်ပွားများနိုင်ရန်အတွက် လှူဒါန်းရမှု၏ ပီတိသောမနဿစိတ်ဖြင့် အာရုံပြုနိုင်ရေး ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အသေးစိတ်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီမဟုတ်သော်လည်း မိမိတို့အတွေ့အကြုံအရ လိုအပ်ချက်နှင့် အကြံပြုချက်များရှိပါက ပါဝင်ဖြည့်စွက်ဆွေးနွေးအကြံပြုစေလိုကြောင်း၊ အရေးကြီးဆုံးအချက်မှာ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးတွင် မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း၊ အခမ်းအနားများ မကျင်းပမီ၊ အခမ်းအနားကျင်းပနေစဉ်နှင့် အခမ်းအနား ကျင်းပပြီးဆုံးသည့်ကာလအထိ လုံခြုံရေးကဏ္ဍကို ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ရှုမြင်၍ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား ကျင်းပပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်အထိ ဘုရားဖူးပြည်သူများအားလုံးကို မင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မည်သူမဆို လုံခြုံရေးအရ စစ်ဆေးမှုခံယူပြီး အခမဲ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဆိုပါ နေ့ရက်နောက်ပိုင်းတွင်မူ နိုင်ငံတကာ ထုံးတမ်းအစဉ်အလာများနှင့်အညီ သတ်မှတ်အခကြေးငွေဖြင့် ဖူးမြော်ကြည်ညို လေ့လာခွင့်တို့အား ဆောင်ရွက်နိုင်ရေးကိုလည်း လျာထားအစီအစဉ်များ ရေးဆွဲတင်ပြ အတည်ပြုချက်ရယူရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင် ဦးသူရက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း က အခမ်းအနားများအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်က သံဃာတော်များ ပင့်ဖိတ်ထားရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်းဆွေးနွေး**

ယင်းနောက် ဖိတ်ကြားရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် UWSP၊ NDAA၊ SSPP အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ကိုယ်စား "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေများနှင့် EAO များဘက်မှ ဆွေးနွေးလိုသည့်အချက်များအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များ ရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့်သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်တော်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်အိတ် ၁၀၀ နှင့် ဆီများ ပေးအပ်

**ကျောက်တော် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)သို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်အိတ် ၁၀၀ နှင့်ဆီများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က ဆန်နှင့်ဆီများ လှူဒါန်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပေးအပ်သည့် ဆန်နှင့်ဆီများကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကျောက်တော်မြို့နယ် တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သူဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်တို့က ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်းနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကျောင်းအုပ်ဆရာကြီးကကျောင်း၏ အုပ်ချုပ်မှုဆိုင်ရာအခြေအနေနှင့် လှူဒါန်းရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ကျောက်တော်မြို့နယ် တာဝန်ခံ ဗိုလ်မှူးချုပ် အောင်သူဦးက စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)၏ သင်ကြားလေ့ကျင့်နေမှုများနှင့် ပတ်သက်၍ အကြံပြုပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ်(နယ်မြေ-၁) (အမျိုးသမီး)အသင်းနှင့် တောင်ကြီးတပ်နယ် (နယ်မြေ-၂)(အမျိုးသမီး)အသင်း၊ တောင်ကြီးတပ်နယ် (နယ်မြေ-၁)(အမျိုးသား) အသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂) (အမျိုးသား) အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်(နယ်မြေ-၁) (အမျိုးသား/ အမျိုးသမီး) အသင်းတို့ကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၃ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A)၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ဗိုဗီနမ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာ ကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ /နည်းပြများ၊ အားကစားသမားများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ဓားမြောင်ပါ အပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦး အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲနှင့် ဗိုလ်လုပွဲစဉ်များဖြစ်သည့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲများကို ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်နုမြဇံနှင့် ဒေါက်တာဝါဝါမောင်တို့က အမျိုးသား ၅၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၅၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ချာလီသန်းနှင့် ဦးကိုကိုလှိုင်တို့က အမျိုးသား ၆၀ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသာဒွေးက အမျိုးသားလက်သိုင်း အပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာ ကျော်ထွန်းတို့က အမျိုးသမီးလက်သိုင်း အပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက်ပြိုင်ပွဲ၊ အမျိုးသား တစ်ကိုယ်တော်တုတ်ရှည်ပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ဓားတစ်လက်အတိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်း၊ ဦးမောင်ကိုနှင့် ဒေါက်တာမှုထန်တို့က အမျိုးသား နှစ်ယောက်တွဲ ဓားရှည်လက်နက်မဲ့ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားမြောင်ပါ အပြပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦး အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်မောင်နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ချင်းပြည်နယ်မှ အိအိမွန်တို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်**(အပေါ်ပုံ)**၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီး နှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမားစုစုပေါင်း ၂၂၀ ဦးတို့ဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



## အာဆီယံ - တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်း၍ အဓိပ္ပာယ်ပြည့်ဝပြီး နှစ်ဖက်အကျိုးရှိသည့် မိတ်ဖက်ဆက်ဆံရေးအဖြစ် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အခြေစိုက် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှေကျိုးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် အာဆီယံ - တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရာတွင် အာဆီယံ-တရုတ် ဗဟိုဌာနအနေဖြင့် ဦးစားပေးနယ်ပယ် ခြောက်ခုဖြစ်သော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍများအောက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံက အာဆီယံ – တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးနိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်များ၊ အာဆီယံ-တရုတ် ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံ – တရုတ် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) နှင့် နောက်ဆက်တွဲ အစီအစဉ်အောက်ရှိ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် အကောင်အထည်ဖော်ရေး၊ အာဆီယံ- တရုတ်ဗဟိုဌာနမှ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ၊ စီမံကိန်းများ၊ အာဆီယံ - တရုတ် ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်း၍ အဓိပ္ပာယ်ပြည့်ဝပြီး နှစ်ဖက်အကျိုးရှိသည့် မိတ်ဖက်ဆက်ဆံရေးအဖြစ် ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံတက္ကသိုလ်များက ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အာဆီယံ – တရုတ်စင်တာ အတွင်းရေးမှူးချုပ် မစ္စတာရှေကျိုးကျွင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၁၃) အစည်းအဝေးခန်း၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဇွန်လ မှတ်တမ်းများအရ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား နားလည်မှုစာချွန်လွှာပေါင်း ၂၅ စောင် လက်မှတ်ရေးထိုးထားပြီး ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း မြန်မာတက္ကသိုလ်ကျောင်းသားနှင့် ဆရာ စုစုပေါင်း ၅၇၀၃ ဦး တရုတ်နိုင်ငံတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူခွင့်ရရှိခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစတင်ပြီး ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် တရုတ်ကျောင်းသား ၈၀၂ ဦးနှင့် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ၅၈၉ ဦး မြန်မာဘာသာစကားကို လာရောက်သင်ယူခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာစာ ဌေ့ပါမောက္ခများကို တရုတ်နိုင်ငံ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်ရန် စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားဖလှယ်ရေး၊ ဆရာဖလှယ်ရေး၊ သုတေသနပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံ – တရုတ်စင်တာအတွင်းရေးမှူးချုပ်က အာဆီယံ – တရုတ်စင်တာသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် မီဒီယာကဏ္ဍတို့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လျက်ရှိပါကြောင်း၊ တရုတ်-အာဆီယံချစ်ကြည်ရင်းနှီးမှုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားပင် ဖြစ်ပါကြောင်း၊ မျက်မှောက်ခေတ် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို အတူတကွ လက်တွဲကျော်ဖြတ်သွားကြမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံတက္ကသိုလ်များက ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နိုင်ငံရေးပါတီ ၇ ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်



**ရန်ကုန် ဇူလိုင် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီးနယ်မြေအခြေစိုက် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအခြေစိုက် ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers’ Development Party)၊ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)၊ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ဧရာဝတီတိုင်းဒေသကြီးနယ်မြေအခြေစိုက် ကရင်ပြည်သူ့ပါတီ (KPP) တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လွှတ်တော်အဆောက်အအုံရှိ ပုလဲခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့် ပါတီဝင်အင်အား ပြည့်မီအောင် စုဆောင်းရေးနှင့် ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပါတီအလံနှင့်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များကိုင်ဆောင်ထားသည့် သုံးခေါက်ချိုးအမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် အချက်အလက်မှားယွင်းကွဲလွဲမှုများရှိက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ စည်းရုံးရေးကာလအတွင်း ပြည်သူများအနှောင့်အယှက်မဖြစ်စေရေး သတိပြုအလေးထား ဆောင်ရွက်သွားကြရန်၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်းပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့်နိုင်ငံရေးပါတီများအဖြစ် ပြင်ဆင်တည်ဆောက်ထားကြရန်၊ ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လာမည့်ရွေးကောက်ပွဲတွင် EVM (Electronic Voting Machine) စက်ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါတီများမှတာဝန်ရှိသူများက ပါတီလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးစိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၇ ပါတီမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးရုံများ၏ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်

**နေပြည်တော် ဇူလိုင် ၂၀**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်မှန်ခန်းနှင့် ခွဲစိတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှု၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးကာ လူနာများကို အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကုသမှုအရည်အသွေးကောင်းမွန် စေရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများစွာ စိုက်ထုတ်သုံးစွဲလျက်ရှိရာ ထိရောက်စွာ အသုံးပြုကြစေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရောဂါပိုးကူးစက်ပြန့်ပွားမှုကာကွယ်ရေး၊ ဆေးရုံများ၏ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ၌ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာဆောင်များ၊ ခွဲစိတ်ခွဲနှင့် ခွဲစိတ်မှန်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထူးဆောက်လုပ်ရေးအဖွဲ့(၁)နှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ မြို့နယ်အဆင့် ဆေးရုံများဖြစ်သည့် ၂၅ ခုတင်ဆံ့နှင့် ခုတင် ၅၀ ဆံ့ ဆေးရုံများအားလုံးတွင် အခြေခံအဆောက်အအုံများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများဖြစ်သည့် ခွဲစိတ်ခွဲ/ခွဲစိတ်မှန်လုပ်ငန်းများအပါအဝင် အခြေခံကျန်းမာရေးဝန်ဆောင်မှုများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အဆင့် ဆေးရုံတိုင်းတွင် မြို့နယ်ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆရာဝန်များအား ဖြည့်ဆည်းပေးလျက် ရှိပါကြောင်း၊ ထို့အပြင် အချက်အချာကျသည့် တိုက်နယ်ဆေးရုံများတွင်လည်း ဆရာဝန်များ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံကျန်းမာရေး ဝန်ထမ်းများကိုလည်း ထပ်မံတိုးချဲ့ခန့်ထား ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# Junior Chamber International Myanmar နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံအခြေစိုက် Junior Chamber International (JCI )၏ ဥက္ကဋ္ဌ Mr. Viktor Oma–rsson နှင့် JCI Myanmar ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၉ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အကျိုးဆောင် စာရင်းစစ်ဦးအောင်ကြည်စိုး၊ IR Advisor ဦးတင့်ဆွေတို့နှင့် တွေ့ဆုံကာ ကုန်သည်စက်မှုအသင်းချုပ်နှင့် JCI Myanmar တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် JCI organization နှင့် JCI Myanmar တို့၏ လက်ရှိ ဆောင်ရွက်နေမှုများကို မိတ်ဆက်တင်ပြခြင်း၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် JCI Myanmar တို့အကြား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများရှာဖွေခြင်း၊ စီးပွားရေး၊ ကိုယ်ရည်ကိုယ်သွေး၊ နိုင်ငံတကာဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍ သုံးခုတို့ကို ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်၍ ကုန်သည်စက်မှုအသင်းချုပ်နှင့် JCI Myanmar တို့မှ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ JCI အသင်းဝင်များ၊ JCI Myanmar အသင်းဝင်များနှင့် အသင်းချုပ်တို့ Business Matching ပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ နိုင်ငံတကာပြပွဲများတွင် အသင်းချုပ်၏ အသင်းဝင်များကို ဖိတ်ကြားနိုင်ရေး၊ အသိပညာပေး ဗဟုသုတမျှဝေခြင်းဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ အသင်းချုပ်၏ ကွန်ရက်မှတစ်ဆင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖိတ်ခေါ်နိုင်ရေးတို့ကို ဆွေးနွေး ကြသည်။

JCI သည် နှစ်စဉ်နှစ်တိုင်း JCI ရှိသည့်နိုင်ငံများတွင် ဆွေးနွေးပွဲများ၊ သင်တန်းများကို ကြီးမှူးကျင်းပပေးလေ့ရှိသည်။

အစည်းအဝေးသို့ 2023 World JCI ဥက္ကဋ္ဌ Mr. Viktor Omarsson ၊ National President Tara ဝတ်မှုန်ဖူးပွင့်သူ၊ National Adviser မစိမ်းဝတ်ရည်နှင့် မဇင်ရတနာတို့ပါဝင်သော JCI World, JCI Myanmar အဖွဲ့ဝင်များနှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်စာတမ်းရေးဆွဲမှုနှင့် စပ်လျဉ်း၍ အာဆီယံမဏ္ဍိုင်(၃)ရပ်ရှိ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ အာဆီယံမဏ္ဍိုင်(၃)ရပ်ရှိ ဝန်ကြီးဌာနများအကြား ညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို ဇူလိုင် ၂၀ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကား ပြောကြားရာတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို ကျေနပ်အားရကြောင်း၊ ဝန်ကြီးဌာနကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍများတွင် ကြုံတွေ့နေရသည့် လက်ရှိစိန်ခေါ်မှုများနှင့် အနာဂတ်စိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်းထားရန်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို အဆိုပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဆက်လက်ပြီး အာဆီယံအနာဂတ်မျှော်မှန်းချက်ကို ဆွေးနွေးရာမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အမျိုးသား စီမံကိန်းများနှင့် ကိုက်ညီစွာ ထည့်သွင်းဆွေးနွေးခြင်းဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-ACV) မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် က အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ နောက်ခံသမိုင်း၊ လုပ်ငန်းစဉ်၊ ဖြစ်ပေါ်တိုးတက်မှု၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံမျှော်မှန်းချက် ၂၀၄၅ စာတမ်း မူကြမ်းအပေါ် ညှိနှိုင်း ဆွေးနွေးမှုအခြေအနေများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် အာဆီယံမဏ္ဍိုင် (၃) ရပ်အောက်ရှိ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော်လျက် ရှိသည့် လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ စိန်ခေါ်မှုများနှင့် အနာဂတ်မျှော်မှန်းချက်များအား ဆွေးနွေးတင်ပြသည်။ ဆွေးနွေးပွဲသို့ ဝန်ကြီးဌာန စုစုပေါင်း ၂၇ ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ **သတင်းစဉ်**

# မှန်ကန်သောအချက်အလက်များဖြစ်စေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အဆင့်ဆင့်ကွပ်ကဲကြပ်မတ်ဆောင်ရွက်ကြရန် ဒုတိယဝန်ကြီး ဦးဌေးလှိုင် မှာကြား

**နေပြည်တော် ဇူလိုင် ၂၀**

တိုင်းဒေသကြီး/ပြည်နယ် အလိုက် မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် e-ID Server သို့ အချက်အလက်များ ဖြည့်သွင်း ပြင်ဆင်ဖြည့်စွက်သည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ပန်းခင်းစီမံချက် အဆင့်(၁) နှင့် အဆင့်(၂) ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ e-ID Software ဖြင့် လူတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူဆောင်ရွက်နေမှု၊ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်ဦးစီးမှူးရုံးများ၌ ကိုင်ဆောင်ကတ်ပြား ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များနှင့် e-ID Server ရှိ အချက်အလက်များကွဲလွဲနေမှု၊ ကွဲလွဲနေသည့် အချက်အလက်များကို စနစ်တကျစိစစ်၍ သတ်မှတ်ကာလအတွင်း ပြင်ဆင်ဖြည့်စွက် အတည်ပြုဆောင်ရွက်ရန် လိုအပ်မှု၊ မြေပြင်တွင် လက်ရှိဖြစ်ပေါ်နေမှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် စီမံဆောင်ရွက်ထားရှိမှုများ တင်ပြဆောင်ရွက်နိုင်ရေး၊ ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဝန်ထမ်းအားလုံး ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်နှင့် မှန်ကန်သော အချက်အလက်များ ဖြစ်စေရေးအတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက ကိုင်ဆောင်ကတ်ပြား ထုတ်ပေးပြီးသူများကို e-ID Server ဖြင့် ဖြည့်သွင်း၍ အချက်အလက်များ တိုက်ဆိုင်စိစစ်ပြင်ဆင် ဖြည့်စွက်အတည်ပြုဆောင်ရွက်နေမှု၊ အချက်အလက်မှားယွင်းမှုများအပေါ် မြို့နယ်အလိုက် သတ်မှတ်ကာလအတွင်း အချိန်မီပြင်ဆင်အတည်ပြုနိုင်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြရာ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ယခုလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည်နှင့်အညီ အချိန်ကာလ သတ်မှတ်ချက်များအတွင်း ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာ ဦးမျိုးမြင့်ဦးနှင့် တူဖြစ်သူ အသည်းအလှူရှင် မောင်အောင်ခန့်ကျော် တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်း ထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။



အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံ လူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကချင်ပြည်နယ် ပူတာအိုမြို့၌ ကျန်းမာသန်စွမ်းသည့် လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် အားကစားလှုပ်ရှားခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန်ရည်ရွယ်၍ "လူငယ်နှင့်အားကစား" ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆွေးနွေးခြင်းကို ယနေ့နံနက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်သူဇာက Talk Show ဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်အားတာဒွေ့က လူငယ်များအားကစားကို လေ့လာလိုက်စားခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းဆွေးနွေးစဉ်။ ခရိုင် (ပြန်/ဆက်)

# မြန်မာရေးရာလေ့လာရေးအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာလေ့လာရေးအဖွဲ့၏ (၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့ဝင်များ၊ ပြင်ပ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် မြန်မာရေးရာအဖွဲ့က ထုတ်ဝေသော စာအုပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာရေးရာလေ့လာရေးအဖွဲ့၏ နိုင်ငံ့အရေး စုဝေးပေါင်းစပ်သုံးသပ်လေ့လာ မြန်မာရေးရာ ဗီဒီယိုကလစ်နှင့် စုပေါင်းမှုအင်အား၏ရလဒ် ဗီဒီယိုကလစ်တို့ကို ပြသသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာရေးရာလေ့လာရေးအဖွဲ့၏ (၇) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက်မှစပြီး ဖွဲ့စည်းကာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်ပေါင်းစုံမှ သုံးသပ်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုရင် ခုနစ်နှစ်တိုင်ခဲ့ပြီ ဖြစ်သည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာရေးရာလေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ကမ္ဘာတစ်လွှားဖြစ်ပေါ်လျက်ရှိသည့် ထင်ရှားသော ဖြစ်စဉ်ဖြစ်ရပ်အခြေအနေများ၊ မျက်မှောက်ခေတ်ကမ္ဘာကြီး၏ စိတ်ဝင်စားစရာများကို သိရှိနိုင်ရန်အတွက် မြန်မာရေးရာစာစောင်ကို သုံးလတစ်ကြိမ်၊ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများရှိ ထင်ရှားသည့် ဖြစ်စဉ်၊ ဖြစ်ရပ်များအကြောင်း သိရှိစေရန်အတွက် ကမ္ဘာရေးရာစာစောင်ကို နှစ်လတစ်ကြိမ်၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားများ၏ ဓလေ့၊ ထုံးတမ်း၊ ယဉ်ကျေးမှုများအကြောင်း သိနိုင်ရန်အတွက် တိုင်းရင်းသားရေးရာစာစောင်ကို လေးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပါကြောင်း။

ယခုအခါ မြန်မာရေးရာစာစောင်၊ ကမ္ဘာရေးရာစာစောင်နှင့် တိုင်းရင်းသားရေးရာစာစောင်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍများနှင့် ဥပဒေကဏ္ဍများကို အဓိကကဏ္ဍအဖြစ် ဖော်ပြပေးလျက်ရှိပြီး တိုင်းရင်းသားများ၏ ရိုးရာဓလေ့ယဉ်ကျေးမှု၊ စာပေ၊ အနုပညာကဏ္ဍများကိုလည်း အချိန်အခါအလိုက်ဖော်ပြပေးလျက်ရှိနေပါကြောင်း၊ ယခုဆိုလျှင် မြန်မာရေးရာစာစောင် အမှတ် (၂၃)အထိ၊ ကမ္ဘာရေးရာစာစောင် အမှတ် (၂၀)အထိ၊ တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၁) အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာရေးရာလေ့လာရေးအဖွဲ့သည် သုတေသနပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အမြင်များကိုစုစည်းပြီး မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာနှင့်ကမ္ဘာရေးရာစာစောင်သုံးစောင်ကို မည်သည့်အခက်အခဲများရှိနေပါစေ သတ်မှတ်ထားသည့်လအပိုင်းအခြားအလိုက် ပုံမှန်ထုတ်ဝေပေးနေသည့်အတွက် မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ချီးကျူးမှတ်တမ်းတင်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များပြောပါဆိုလျှင် သုတေသနလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတချို့နှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းကို အလေးထားလုပ်ဆောင်နေကြသည်ကို အားလုံးတွေ့ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကဏ္ဍအလိုက် သုတေသနလုပ်ငန်းများကို အထူးပြုလုပ်ဆောင်နေကြပြီး မူဝါဒချမှတ်သူများအနေဖြင့် သုတေသနတွေ့ရှိချက် (research-based)များအပေါ် အခြေခံသည့် အကြံပြုချက်များ၊ သုံးသပ်ချက်များကို အလေးထားပြီး မူဝါဒများ ချမှတ်လာကြသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရေးရာစာစောင်များကို စာမူအရည်အသွေးအရရော၊ ပုံနှိပ်အရည်အသွေးအရပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာအုပ်စာစောင်များကို ငွေကြေးအကျိုးအမြတ်အတွက် ထုတ်ဝေခြင်းမျိုးမဟုတ်ဘဲ အများပြည်သူ ဗဟုသုတရရှိစေရန်နှင့် သုတေသနပြု ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ရည်ရွယ်ထုတ်ဝေနေခြင်းဖြစ်သည်ဟုလည်း ပြောကြားလိုပါကြောင်း။

၂၀၂၂ ခုနှစ်အတွင်း မြန်မာရေးရာလေ့လာရေးအဖွဲ့ သုတေသနပညာရှင်များဖြစ်သော ဆရာကိုကို ဦးစီးကျင်းပခဲ့သည့် "မြန်မာနှင့် အာဆီယံဆက်ဆံရေး အကျိုးအပြစ်" ဆွေးနွေးပွဲ၊ ဆရာ ဦးရန်ကျော် ဦးစီးကျင်းပခဲ့သည့် "လက်ရှိအရွေ့ကို ဘယ်လို ရွှေ့ကြမလဲ"၊ ဆရာ ဦးမောင်မောင်မြင့်သိန်း ဦးစီးကျင်းပခဲ့သည့် " ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများ" ဆွေးနွေးပွဲများမှ နိုင်ငံတော်အတွက် အမှန်တကယ်ကောင်းမွန်အကျိုးရှိသည့် သုံးသပ်၊ အကြံပြုချက်များ မိမိတို့ ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာရေးရာစာစောင်တွင် ရေးသားသည့် စာပေပညာရှင် ဦးကျော်ကျော်လှိုင် (ကျော်ကျော်လှိုင် – Smart) က ဝမ်းမြောက်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ညနေ ၅ နာရီခွဲက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် Western Park ၌ ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသည့် ဝေးမနေချင်ဘူး ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အနုပညာရှင်များအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့သည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၇ ဒသမ ၃၆ လက်မ၊ မော်လမြိုင်မြို့တွင် ၆ ဒသမ ၄၆ လက်မ၊ ကျိုက်မရောမြို့တွင် ၆ ဒသမ ၃၀ လက်မ၊ ဘားအံမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၈၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ မိုးကောင်းမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မိုးညှင်းမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၄၆ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သား/သမီးများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သား/သမီးများ ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးတင်ဦးလွင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့်ကျောင်းသားလူငယ်များအနေဖြင့် ရရှိနေသည့် ပညာရေး အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ပညာတတ်လူငယ်များ ဖြစ်လာစေရန်၊ ယနေ့ခေတ်တွင် နည်းပညာစနစ်များ တစ်နေ့တခြား တိုးတက်ပြောင်းလဲမှုနှင့်အညီ သာမန်ကြိုးစားလေ့ကျင့်မှုမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်လေ့လာမှု (Continuous Learning) ပြုလုပ်ပြီး အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူရန်နှင့် မိဘများကလည်း တစ်နှစ်ထက်တစ်နှစ် အောင်ချက်ရာခိုင်နှုန်း တိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့တော်ဝန်က ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး **(ဝဲပုံ)** အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများက ရိုးရိုးအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကိုယ်စား နှစ်ဘာသာဂုဏ်ထူးရှင် မဟိန်းစန္ဒာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၃ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။**



ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ်(၁)၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများက ငါးကြင်းသားပေါက်များကို ဦးစွာ ငါးမျိုးစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း / အမှုထမ်းများက ကန်အတွင်းသို့ ငါးကြင်းသားပေါက်ကောင်ရေ ၁၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရဝဏ်အတွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အရာထမ်း/အမှုထမ်းများက စိန်တစ်လုံးသရက်ပျိုးပင် ပေါင်း ၁၃၀၀ ခန့်ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့ကြသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသား သမီးများနှင့် သင်တန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး မြန်မာ့အားကစား အဆင့်အတန်း တိုးတက် လာစေရေးအတွက် အိန္ဒိယအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ မြန်မာအားကစားသမားများ အိန္ဒိယနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်နိုင်ရေးနှင့် အိန္ဒိယနိုင်ငံမှ နည်းပြများ မြန်မာနိုင်ငံသို့ လာရောက်လေ့ကျင့်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များ၊ အိန္ဒိယ - မြန်မာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါ (MOCHA) ဆိုင်ကလုန်း မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်၌ မိုးစပါး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရခိုင်ပြည်နယ်တွင် လယ်ယာကုန်ထုတ်လုပ်မှုလျော့ကျမှု မရှိစေရေး နှင့်ဒေသ၏စားရေရိက္ခာလုံလောက်မှုရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကိုသက်ဆိုင်ရာ ဌာနများ တပ်ရင်းတပ်ဖွဲ့များနှင့် ပူးပေါင်း၍ တောင်သူလက်ဝယ် အရောက် ပို့ဆောင်ထောက်ပံ့ပေးအပ်ပြီးဖြစ်သည်။



**ပြင်ဆင်ဆောင်ရွက်**

ယင်းသို့ ထောက်ပံ့ရာတွင် ယနေ့အထိ ရခိုင်ပြည်နယ်သို့ ပေါ်ဆန်းရင် ၄၀၀၆၇ တင်း၊ GW-11 တင်း ၂၁၅၀၀၊ နံ့ကောက်တင်း ၇၈၃၀၊ ကြားပျံတင်း ၄၀၀၀ မျိုးစပါးများ ရောက်ရှိပြီးဖြစ်ကာ တောင်သူများ လက်ဝယ်သို့ စုစုပေါင်း မျိုးစပါး ၇၃၃၈၇ တင်း၊ ဓာတ်မြေဩဇာ ၄၃၁၉၁ အိတ် ဖြန့်ဖြူးပြီးဖြစ်ပြီး၊ စိုက်ပျိုးမြေပြင်ခြင်း လုပ်ငန်းအနေဖြင့် မိုးစပါးစိုက်ပျိုးရန် ၆၀၄၇၈၉ ဧက မြေပြုပြင်ပြီးဖြစ်ကာ ၃၆၀၈၃၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အလားတူ အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဟင်းသီးဟင်းရွက်မျိုးစေ့ စုစုပေါင်းအထုပ် ၅၈၅၀၀ ကို တပ်ရင်းတပ်ဖွဲ့များအတွက်အထုပ် ၂၀၀၀၀၊ ဌာနဆိုင်ရာများအတွက် ၁၉၈၅ ထုပ်၊ ဒေသခံ ပြည်သူများအတွက် ၃၆၅၁၅ ထုပ် ထောက်ပံ့ဖြန့်ဖြူးခဲ့ပြီးဖြစ်သည်။

**လေကာပင်များစိုက်ပျိုး**

ထို့အပြင် သဘာဝဘေးဒဏ်ခံနိုင်သည့် လေကာပင်များအဖြစ် စိုက်ပျိုးနိုင်ပြီး ဒေသနေပြည်သူများ ဝင်ငွေတိုးနှစ်ရှည်သီးနှံပင်အဖြစ် စိုက်ပျိုးနိုင်ရန် ယနေ့အထိ အုန်းသီး အလုံး ၄၁၀၀၀ ကျော် စုဆောင်းထားရှိပြီး အုန်းပျိုးပင် ၃၆၀၀၀ ကျော် ပျိုးထောင်ထားရှိ၍ ဧက ၇၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာ အ.ထ.က - ၃ တွင် လူငယ်စကားဝိုင်း ကျင်းပ



**မုံရွာ ဇူလိုင် ၂၀**

မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ အသိဉာဏ် ပညာ ဗဟုသုတများ ပြည့်စုံပြီး ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

လူငယ် စကားဝိုင်းတွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်စိုး က လူငယ်စကားဝိုင်း ကျင်းပဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာ ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ အသိပညာ ဗဟုသုတများ တိုးပွားရရှိနိုင်စေရန် အသိပညာများ မျှဝေပေးနိုင်စေရန်၊ ကျောင်းသား ကျောင်းသူ အချင်းချင်း စည်းလုံးညီညွတ်ပြီး ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိနိုင်စေရန်၊ ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ရရှိနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် မနှင်းဝတ်ရည်ထွန်း Grade-11 က "လူငယ်နှင့်စာပေ"၊ မောင်မင်းကောင်းခန့် Grade-10 က "လူငယ်နှင့်နည်းပညာ"၊ မသက်မွန်မြင့် Grade-11 က "လူငယ်နှင့်စာရိတ္တ"၊ မောင်ရှင်းသန့်ကျော် Grade-10 က "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက လူငယ်စကားဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

အခမ်းအနား အပြီးတွင် ကျောင်းသား ကျောင်းသူလေးများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ ဆက်)**

❒ *ကျောဖုံးမှ*

ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ၂၀၂၂ MNL အမှတ်ပေး ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ တိုက်ရိုက်ကစားခွင့်ရသော်လည်း ဒုတိယဆုရသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ လက်ရှိတွင် တိုက်ရိုက်ကစားခွင့်ရသည့် ၁၀ သင်းထွက်ပေါ်ထားပြီး ခြေစစ်ပွဲအဆင့်မှ နှစ်သင်း အဖြေထွက်ပေါ်မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် DPMM အသင်းနှင့် ကစားရမည်ဖြစ်သည်။ DPMM အသင်းသည် လက်ရှိတွင် စင်ကာပူလိဂ်၌ ပါဝင်ကစားလျက်ရှိသည်။

ခြေစစ်ပွဲများကို တစ်ကျော့တည်း ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲကို အိမ်ကွင်း လက်ခံကစားရမည်ဖြစ်ကာ ဩဂုတ် ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ယင်းအဆင့် ကျော်ဖြတ်နိုင်ပါက ခြေစစ်ပွဲ Play-off အဆင့်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဝေးကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယင်းနှစ်ဆင့် ကျော်ဖြတ်နိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ဓာတ်ပုံ-MNL**

# ရိုးမကိုကျော် မြတ်ဆရာ ပူဇော်ပွဲသို့

ကျွန်းစဉ်မြေ စောခက် (ရိုးမအလင်္ကာ)

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်လောက်က ထင်ပါသည်။ ဦးထွန်းကြိုင် (လယ်/ပြ) (အ.ထ.က သရက်တောင် မြေပုံမြို့နယ်) ထံမှ ဖုန်းဝင်လာသည်။ သရက်တောင်ရွာတွင် ပထမအကြိမ် ရွာလုံးကျွတ် “မြတ်ဆရာပူဇော်ပွဲ” ကို ကျင်းပမည်ဖြစ်ကြောင်း၊ သရက်တောင်ရွာရှိ အ.ထ.ကနှင့် အ.မ.က သရက်တောင် (မြောက်)တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ နှင့်အထက် ဆရာ ဆရာမများကို ဖိတ်ကြားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်မဘက်သို့ ရောက်ရှိနေကြသော ဆရာ ဆရာမများ၏ ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာတို့ကို သိလိုကြောင်းဖြင့် လေးလေးစားစား ပြောဆိုအကူအညီတောင်းခံလာပါသည်။

ချစ်တပည့် မောင်ထွန်းကြိုင်၏ မေတ္တာရပ်ခံချက်သည် စာရေးသူ၏ အသိအိမ် နှလုံးသားအား ခေါင်းလောင်းကောင်းကောင်း ထိုးလိုက်ပေပြီ။ သို့ဖြစ်ပါ၍ သရက်တောင်ရွာတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ပြည်မဘက်သို့ ရောက်ရှိနေကြသော ဆရာ ဆရာမများကို စာရင်းပြုစုလိုက်ရာ အငြိမ်းစားယူပြီး ဆရာ ဆရာမ ၂၀ တိတိ စာရင်းရရှိသည်။ ဆရာ ဆရာမ အများစုမှာ ရန်ကုန်တွင် နေထိုင်ကြကြောင်း သိရပြီး တစ်ဦးသာ ဖျူးမြို့၌ နေထိုင်ကြောင်း စုံစမ်းသိရှိရသည်။

> ❖ ယခင်နှစ်ပေါင်း ၃၀ လောက်ကဆိုလျှင် တစ်ရွာလုံးတွင် ဓနိမိုးဝါးထရံကာ အိမ်တွေများကြသည်။ ယခုဆိုလျှင် စာသင်ကျောင်းတွေရော လူနေအိမ်တွေပါ တိုက်တာ အဆောက်အအုံတွေ ဖြစ်နေကြပေပြီ
>
> ❖ ဤကျောင်းတော်ရင်ခွင်ကို ခိုဝင်ပြီး ပညာသင်ယူခဲ့ကြသော သရက်တောင်ရွာသား လူသားရင်းမြစ်တို့၏ စွမ်းအားသည်လည်း ရပ်ရွာတိုးတက်မှုအတွက် တွန်းအား ဖြစ်စေခဲ့သည်

၃၀-၁၂-၂၀၂၂

စာရေးသူ နံနက်အိပ်ရာမှထ ဘုရားရှိခိုးအပြီး အိမ်အောက်ထပ်သို့ ဆင်းလာရာ အမျိုးသမီးသည် မြေပုံမြို့နယ် သရက်တောင်ရွာ မြတ်ဆရာပူဇော်ပွဲသို့ ကန်တော့ခံသွားကြမည့် ဆရာ ဆရာမများကို ဧည့်ခံစကားပြောနေပေပြီ။ တောင်ဥက္ကလာပမြို့နယ်ရှိ ကျွန်တော့်အိမ်ကို စုရပ်အဖြစ် သတ်မှတ်ထား၍ ဆရာ ဆရာမများ ရောက်ရှိနေကြခြင်းပင်ဖြစ်သည်။ စာရေးသူတို့ ၇ နာရီတိတိတွင် စတင်ထွက်ခွာခဲ့ကြသည်။ ကားတစ်စီးကို မောင်သိန်းမြင့်လှိုင် (ကျောင်းသားဟောင်း)က မောင်းနှင်ပြီး ဦးရွှေတင်အောင် (မာန်အောင်)၊ ဒေါ်စောတင် (မာန်အောင်)၊ ဦးတင်ဖေ (မြေပုံ)နှင့် မောင်ဖြူသီး (မင်းဆက်သက်ခိုင်) (ကျောင်းသားဟောင်း)တို့က လိုက်ပါကြသည်။ ဦးသန်းဖေ(မြေပုံ)သည် သူ့ကားကို သူကိုယ်တိုင်မောင်းပြီး ဒေါ်အေးလှိုင်ဦး (ကျောက်ဖြူ)၊ ဒေါ်ခင်နု (ရန်ကုန်)၊ ဒေါ်နုနုစံ (ကျောက်ဖြူ) နှင့် စာရေးသူ(မြေပုံ)တို့က လိုက်ပါကြသည်။ ကားနှစ်စီးသည် ရန်ကုန် -ပြည် လမ်းမကြီးအတိုင်း မောင်းထွက်လာကြသည်။

နံနက် ၁၁ နာရီခွဲမှာတော့ ပြည်မြို့ တစ်ဖက်ကမ်း ရေဝတီမြစ်ကမ်းနံဘေးက ပန်းတောင်းမြို့နယ်ရှိ ဆင်တဲသို့ ရောက်ခဲ့ကြပါလေပြီ။ ဦးအေးခင်နှင့် ဦးကျော်မြင့် ညီအစ်ကိုတို့ အသင့်ကြိုနေကြသည်။ ဦးအေးခင်နှင့် ဦးကျော်မြင့်တို့မှာ သရက်တောင်ရွာ ကျောင်းသားဟောင်းများ ဖြစ်ကြခြင်းကြောင့် သရက်တောင်မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်သည့် သဘောဖြင့် စာရေးသူတို့အဖွဲ့ ကန်တော့ခံ ၁၀ ဦးကို နံနက်စာ တည်ခင်းရန် စောင့်ကြိုနေကြခြင်း ဖြစ်သည်။

နံနက်စာ ထမင်းစားပြီး သူတို့ညီအစ်ကို မိသားစုကို နှုတ်ဆက်ကာ ရခိုင်ကျွန်းစဉ်နယ်သို့ ခရီးဆက်ခဲ့ကြပေတော့သည်။ ညနေ ၆ နာရီမှာတော့ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းသို့ ရောက်ရှိခဲ့ကြပြီး သဇင်တည်းခိုခန်းတွင် တည်းခိုလိုက်ကြသည်။

၁-၁-၂၀၂၃

နံနက် ၆ နာရီတွင် အိပ်ရာထကြပြီး အကုန်လုံး တည်းခိုခန်းအောက်သို့ ရောက်လာကြသည်။ မကွေးတိုင်းဒေသကြီး အထက်ပိုင်းသည် အညာဒေသဖြစ်၍ ဇန်နဝါရီ ဆောင်းရက်၏ ဟေမန္တ အအေးဓာတ်ကို အပြင်းအထန် ခံနေရရာ ခိုက်ခိုက်တုန် ချမ်းအေးလှသည်။ ကားနှစ်စီးသည် နံနက် ၇ နာရီ နှင်းထုကွဲချိန်လောက်တွင် ရိုးမပေါ် လှမ်းတက်ခဲ့ကြလေပြီ။ လမ်းအကွေ့တွေအရောက် ကားအလှည့်မှာတော့ ရင်ထဲအေးခနဲ ဖြစ်သွားရာ ဆရာမတွေဆီက ဘုရားတသံမှအပ အခြားအသံများ မကြားရတော့ချေ။

ရိုးမတောင်တန်းကြီး ကားလမ်းတစ်လျှောက်တွင် အ.မ.က ကျောင်းအချို့ကို တွေ့မြင်ရရာ စာရေးသူ ဝမ်းသာဝမ်းနည်းခံစားမိပါသည်။ ဝမ်းသာမိသည်မှာ ဤမျှ လူသူမနီးသည့် ရိုးမတောင်တန်းတွေပေါ်မှာ တဲအိမ်ကလေးတွေ ဖြစ်သလို တည်ဆောက်ပြီး ကျိုးတိုးကျဲတဲ နေထိုင်ကြသည့် ဘဝသမားတို့၏ သားသမီးများအတွက် စာသင်ကျောင်းတွေ ဖွင့်လှစ်ပေးထားသည်ကို တွေ့ရသည့်အတွက် ဆရာစိတ်နဲ့ ရင်ထဲကျေနပ်ခဲ့ရပေသည်။ ရိုးမပေါ်က စာသင်ကျောင်းတွေမှာ တာဝန်ကျနေကြသော ဆရာ ဆရာမများမှာ မြို့နှင့်ကွာ ရွာနှင့်ဝေးသောနေရာများ၌ တာဝန်ကျထမ်းဆောင်နေကြသော်လည်း တပည့်နှင့်ဆရာ မေတ္တာသက်ဝင် သံယောဇဉ်တွယ်ပြီး တပည့်ချစ်သော ဆရာ၊ ဆရာချစ်သောတပည့်များ ဖြစ်နိုင်ကြပါစေဟူ၍ ရင်ထဲ မေတ္တာ ကုဋေကုဋာဖြင့် ဆုတောင်းနေမိပေတော့သည်။

ရခိုင်ပြည်နယ်ဘက်ခြမ်း ရိုးမတောင်တန်း တစ်လျှောက်တွင် သစ်တောကြီးများထက် ဝါးတောကြီးများ ကြီးစိုးနေပေသည်။ သို့ဖြစ်၍ မျှစ် (ဝါးတုတ်)သည် အမ်းမြို့၏ အဓိကထုတ်ကုန်ဖြစ်နေလေရော့သလား မသိ။ ပဲပဒုံဂိတ်သည် အမ်းရိုးမအဆင်းတွင် ပထမဆုံးတွေ့ရသော အမ်းမြို့နယ်ထဲက ကားဂိတ်ပင်ဖြစ်ပေသည်။ အမ်းမြို့နယ် အနောက်ခြမ်းရှိ ရခိုင်ရိုးမ တောင်စဉ်တောင်တန်းများကို ကွေ့လိုက်ပတ်လိုက် တက်လိုက် ဆင်းလိုက်နဲ့ တစ်နာရီခွဲခန့် မောင်းလိုက်လျှင်ပင် ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းမ၏ ဘယ်ဘက်ခြမ်း တစ်နေရာတွင် “မြေပုံမြို့နယ် ကမ်းထောင်းကြီးမြို့သို့” ဟု ရေးထားသော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ကြရသည်။ ယင်းမှ ၁၀ မိနစ်ခန့် မောင်းမိလျှင်ပင် “ရောက်ခြံရွာ အမ်းမြို့နယ်”ဟု ရွာထိပ်တွင် ရေးထားသောဆိုင်းဘုတ်ကို တွေ့ကြရပါသည်။ တောင်တန်းကြီးများကြားရှိ ကားလမ်းနံဘေးက ရွာကလေးပင်ဖြစ်သည်။ ဤရောက်ခြံရွာသည် အမ်းမြို့နယ်အဆုံးပင်ဖြစ်သည်။ မိနစ် ၂၀ ခန့် မောင်းပြီးချိန်တွင် ရေထိုးတောင်သို့ ရောက်ရှိခဲ့ကြသည်။ ရေထိုးတောင်မှာ မက်စောက်ပြီး တောင်ခြေအောက်တွင် မြေပုံမြို့နယ် ကျောက်ကြီးမြစ်နှင့် အမ်းမြို့နယ် ဒါးလက်ချောင်းဝတို့ကို လှမ်းမြင်နေရသည်။ ငါးဖမ်းလှေများနှင့် ဒါးလက်ချောင်းသို့ အဝင်အထွက်သွားလာနေကြသော လှေသမ္ဗန်များကို မြင်နေရရာ သဘာဝပန်းချီကားတစ်ချပ်နှယ် ကြည့်ကောင်းလွန်းလှသည်။

စာရေးသူတို့ ကားနှစ်စီးသည် မွန်းလွဲ တစ်နာရီမတ်တင်းတွင် မြေပုံမြို့နယ် ကမ်းထောင်းကြီးမြို့သို့ ရောက်ခဲ့ကြပါလေပြီ။ သို့သော် နားခြင်း ရပ်ခြင်း မရှိဘဲ ကမ်းထောင်းကြီး - သရက်တောင် ကားလမ်းအတိုင်း ဆက်လက်မောင်းလာခဲ့ကြရာ မွန်းလွဲ တစ်နာရီတိတိတွင် သရက်တောင် (စံပြ)ကျေးရွာသို့ ရောက်ခဲ့ကြပါလေပြီ။ ကားနှစ်စီးသည် ရွာလမ်းတစ်လျှောက် မောင်းလာကြရာ ရွာသူ ရွာသားများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရွာတောင်ဘက်စွန်းရှိ အ.ထ.က သရက်တောင်သို့ ရောက်ခဲ့ကြပါလေပြီ။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကြိုဆိုနေကြသည်။

စာရေးသူတို့အဖွဲ့ ရောက်ရှိသွားကြချိန်တွင် ရခိုင်ပြည်နယ်အတွင်းက ရောက်ရှိပြီးဖြစ်သော ကန်တော့ခံ ဆရာ ဆရာမများကို နံနက်စာ ထမင်း၊ ဟင်း ဧည့်ခံကျွေးမွေးပြီးဖြစ်သည်။ စာရေးသူ သတိထားမိသည်မှာ ဧည့်ခံကျွေးမွေးကြသော ဟင်းများတွင် ရေထွက်သတ္တဝါ ငါး၊ ပုစွန်၊ ကဏန်း၊ ဂုံး စသော အစားအစာတို့ဖြင့်သာ ဧည့်ခံကြသည်။ ကျွန်းစဉ်ဒေသသည် ဒီရေရောက် မြစ်ချောင်းများပေါသဖြင့် ငါး၊ ပုစွန်၊ ကဏန်း အလျှံပယ်ထွက်သည်။

ညနေပိုင်းတွင် ညနေစာဖြင့်ဧည့်ခံကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပါ အကုန်လုံး ၃၀၀ ခန့် တက်ရောက်သုံးဆောင်ကြသည်။ ဆက်လက်ပြီး စတိတ်ရှိုးအစီအစဉ်ဖြင့် ဧည့်ခံရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ လက်ရှိကျောင်းတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သီဆိုဖျော်ဖြေကြသည်။ ပရိသတ် ၁၀၀၀ ဝန်းကျင်ခန့် တက်ရောက်ကြရာ အထူးစည်ကားလှသည်။

၂-၁-၂၀၂၃

နံနက်၁၀ နာရီတိတိမှာတော့ မြတ်ဆရာပူဇော်ပွဲ စတော့ပါသည်။ ကန်တော့ခံ ဆရာ ဆရာမများကို စင်မြင့်ပေါ်တွင် အတန်းလိုက်နေရာချထားပြီး တပည့်များက မြေညီတွင် ပုဆစ်ဒူးတုပ်ထိုင်လျက် ကန်တော့ကြသည်။ မြတ်ဆရာသီချင်းကို သာယာနာပျော်ဖွယ် ဖွင့်ထားသည်။ ကျောင်းသူ ကျောင်းသားလေးများက မြန်မာဟန် ကကွက်လေးများဖြင့် ကပြသီဆိုကြသည်မှာ ချစ်စရာအလွန်ကောင်းလှသည်။

ဤ သရက်တောင် (စံပြ)ကျေးရွာတွင် ၂၈ နှစ်တိုင်တိုင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့မှုကြောင့်လည်းကောင်း၊ တက်ရောက်လာကြသော ကန်တော့ခံ ဆရာ ဆရာမများထဲတွင် အသက်အကြီးဆုံးဖြစ်နေခြင်းကြောင့်လည်းကောင်း စာရေးသူ ဩဝါဒ စကားပြောကြားခွင့်ရရှိခဲ့ပါသည်။ တစ်နယ်တစ်ကျေးက တက်ရောက်လာကြသည့် ဆရာ ဆရာမများသည်လည်း ရင်တွင်းမုဒိတာစကားများ ပြောကြားကြသည်။

“ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ သရက်တောင်ရွာ၊ မြေပုံမြို့နယ်”ဟု ရေးထားသော ပညာရေးသင်္ကေတ အဖြူအစိမ်းရောင် အိတ်ကလေးကို ကျောင်းသား ကျောင်းသူဟောင်းများကပဲ ပေးအပ်ကန်တော့ကြသည်။ စာအိတ်ကလေးကို ဖောက်ကြည့်လိုက်သည့်အခါ ငွေသားကျပ် ၁၁၀၀၀၀ ကို တွေ့ရသည်။ ပူးတွဲပါ အထုပ်ကလေးမှာတော့ မျက်နှာသုတ်ပဝါလေးတစ်ပိုင်းကို တွေ့ရသည်။ မတက်ရောက်နိုင်သူ ဆရာ ဆရာမများအတွက် wave money ဖြင့် ငွေကျပ် ၇၀၀၀၀ စီ ပို့ပြီးကန်တော့ကြသည်ဟု သိရသည်။ စာရေးသူအနေဖြင့်လည်း မိမိကိုယ်တိုင် ရေးသားထုတ်ဝေထားသော စာအုပ်များကို တက်ရောက်လာသူ ကန်တော့ခံ ဆရာ ဆရာမများကို စာပေလက်ဆောင်အဖြစ် တစ်အုပ်စီ ပေးဝေခဲ့ပါသည်။

ကန်တော့ပွဲအပြီးတွင် လာရာလမ်းကြောင်း ခြောက်သွယ်မှ ကန်တော့ခံ ဆရာ ဆရာမများ၊ အုပ်စုအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ကျောင်းသား ကျောင်းသူများသည် တစ်ဦးချင်းအဖြစ်လည်းကောင်း၊ အုပ်စုဖွဲ့၍ အတန်းလိုက်လည်းကောင်း ဆရာ ဆရာမများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ယူကြသည်။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ၏ မျက်နှာပေါ်တွင် အားရကျေနပ်မှု ပီတိမျက်ဝန်းများ ဖြာဝေနေကြသည်။ အခမ်းအနားအပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံပြီးချိန်တွင် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ဒေသထွက်ကုန် ကောက်ညှင်းဆန်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ပျားရည်တို့ကို အိမ်ပြန်လက်ဆောင်အဖြစ် ပေးအပ်ကြပြီး ရှိခိုးကန်တော့ကြသည်။

ကန်တော့ခံ ဆရာ ဆရာမများအတွက် အံ့ဩစရာအဖြစ်ဆုံးမှာ ရန်ကုန်မှသည် ရခိုင်ကျွန်းစဉ်နယ် သရက်တောင် (စံပြ)ကျေးရွာသို့ မော်တော်ကားဖြင့် တိုက်ရိုက်ရောက်ရှိလာကြခြင်းပင် ဖြစ်ပေသည်။ ယခင်ကဆိုလျှင် အိမ်ပေါ်က အိမ်အောက်သို့ ဆင်းလျှင် ချောင်းကိုတွေ့သည်။ မြစ်ကိုတွေ့သည်။ သို့ဖြစ်၍ မည်သည့်နေရာသို့ပင် သွားလိုသည်ဖြစ်စေ လှေကလေးများဖြင့်သာ လှော်ခတ်သွားလာကြရသည်။ ယခုအခါ ကမ်းထောင်းကြီးမြို့နှင့် သရက်တောင်ရွာကြားရှိ ငါးမိုင်ခန့် အရှည်ရှိသော ဒီရေရောက်တောကြီးကို လမ်းဖောက်ပြီး သရက်တောင်မြစ်ကို တံတားဆောက်လိုက်ခြင်းဖြင့် ကားလမ်းကြောင်း တစ်လမ်းကို ဖောက်လုပ်နိုင်ခဲ့ကြလေပြီ။ မော်တော်ကားလမ်းနှင့်တွဲလျက် မဟာဓာတ်အားလိုင်းလည်း ရရှိလာခဲ့သည်။ ဤသို့ မဟာဓာတ်အားလိုင်းရရှိလာမှုကြောင့် ဘုရား၊ ပုထိုး၊ စေတီကအစ သရက်တောင်တစ်ရွာလုံး မီးထိန်ထိန်လင်းခဲ့ပေပြီ။

ယခင် နှစ်ပေါင်း ၃၀ လောက်ကဆိုလျှင် တစ်ရွာလုံးတွင် ဓနိမိုးဝါးထရံကာ အိမ်တွေများကြသည်။ ယခုဆိုလျှင် စာသင်ကျောင်းတွေရော လူနေအိမ်တွေပါ တိုက်တာအဆောက်အအုံတွေ ဖြစ်နေကြပေပြီ။ ပညာရေးကဏ္ဍတွင်လည်း

စာမျက်နှာ ၁၁ သို့

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လှိုင်းဘွဲမြို့မဈေးသစ်အား တက်ရောက်ဖွင့်လှစ်

လှိုင်းဘွဲ ဇူလိုင် ၂၀

**ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၄၉ ဒသမ ၄၅ သန်းဖြင့် တည်ဆောက်ခဲ့သည့် လှိုင်းဘွဲမြို့နယ် (ဃ)ရပ်ကွက် ကုန်သည်လမ်းရှိ လှိုင်းဘွဲမြို့မဈေးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။**



အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းများအား ကူညီထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အဦများ၊ အိမ်ရာအဆောက်အအုံများ၊ လူမှုဖွံ့ဖြိုးရေးရုံးများ ဆောက်လုပ်ပေးခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာခြင်း၊ လူတစ်ဦးချင်းဝင်ငွေ မြင့်မားလာမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုလှိုင်းဘွဲမြို့မဈေးကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် ရေရှည်တည်တံ့ ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က လှိုင်းဘွဲမြို့မဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လှိုင်းဘွဲမြို့မဈေးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ဒုံးယိမ်းအကအဖွဲ့များအား ဆုငွေများ ပေးအပ်ခဲ့ပြီး ဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**စောဒီ(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် ဇူလိုင် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ လှိုင်ကော်? ရှင်း နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ် (၃/ ၂၀၂၃) ကျောင်းအခြေပြုသင်တန်းအား ၂၄-၇-၂၀၂၃ ရက်နေ့မှ ၁-၉-၂၀၂၃ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ် - ၁၃၅ ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉၄၅၅၇၈၈၀၁၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှင်း)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှင်းမြို့၊
  ဖုန်း-၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ကနီမြို့ နှလုံးလှ နာရေးကူညီမှုအသင်းသို့ အလှူငွေများလှူဒါန်း

ကနီ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ နှလုံးလှနာရေးကူညီမှုအသင်းသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကနီမြို့ နှလုံးလှနာရေးကူညီမှုအသင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်သက်နိုင်နှင့် ဇနီးတို့က အလှူငွေကျပ် သုံးသိန်း၊ ကနီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမျိုးဇော်တင့်က စားပွဲတစ်လုံးနှင့် ထိုင်ခုံငါးလုံး၊ ကနီမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းမြင့်နှင့် ဇနီး မိသားစုက စားပွဲတစ်လုံးနှင့် ထိုင်ခုံငါးလုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲအုပ်များအဖွဲ့မှ အလှူငွေကျပ် တစ်သိန်းငါးသောင်းတို့ကို လှူဒါန်းရာ ကနီမြို့ နှလုံးလှနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျင်သိန်းက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

၁၇၈

*စာမျက်နှာ ၁၀ မှ*

၂၀၁၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းဖွင့်လှစ်ခဲ့ပြီး ယခုအခါ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနရရှိထားပေပြီ။ ဤသို့ ရပ်ရွာဖွံ့ဖြိုးတိုးတက်လာခြင်းမှာ ဒီရေရောက် သဘာဝမြစ်ချောင်းများမှ ထွက်သော ထုတ်ကုန်များကို ခေတ်ဈေးကွက်တွင် ရောင်းဝယ်နိုင်မှုကြောင့်ပင် ဖြစ်ကြသည်။ ထပ်ဆင့်ဆိုရချေသော် ဤကျောင်းတော်ရင်ခွင်ကို ခိုဝင်ပြီး ပညာသင်ယူခဲ့ကြသော သရက်တောင်ရွာသား လူသားရင်းမြစ်တို့၏ စွမ်းအားသည်လည်း ရပ်ရွာတိုးတက်မှုအတွက် တွန်းအားဖြစ်စေခဲ့သည်ဟု ဆိုလိုက်ပါရစေ။

သရက်တောင်ရွာသည် အိမ်ခြေတစ်ထောင်ကျော်ရှိပြီး ကျွန်းစုနယ်တွင် အကြီးဆုံးရွာဖြစ်နေသည့်အပြင် မော်တော်ကားလမ်းနှင့် လျှပ်စစ်မီးတို့ရရှိလာသည့်အချိန်တွင် မြို့ကလေးတစ်မြို့အသွင် ရုပ်လုံးပေါ်နေခဲ့ပေပြီ။ ကန်တော့ခံ ဆရာဆရာမများမှာ သူတို့တာဝန်ထမ်းဆောင်ခဲ့စဉ်က အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ပြီး အံ့သြခြင်းနှင့်အတူ ဝမ်းသာမဆုံး ဖြစ်ကြရသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရာတွင်လည်း ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူများသာမက တစ်ရွာလုံး ပူးပေါင်းပါဝင်လုပ်ဆောင်ကြသဖြင့် “ရွာလုံးကျွတ် မြတ်ဆရာပူဇော်ပွဲ”ဟူ၍ ပင်ခေါ်ဆိုလောက်ပေသည်။

**၃-၁-၂၀၂၃**

စာရေးသူတို့အဖွဲ့သည် အပြန်တွင် ဂွ - ငါးသိုင်းချောင်းလမ်းအတိုင်းပြန်ကြရန် ဆုံးဖြတ်ကြသည်။ ကိုယ်မရောက်ဖူးသေးသော ဒေသသစ်ကို ရောက်ဖူးလိုသည့်အပြင် အတွေ့အကြုံ ဗဟုသုတသစ်များကိုလည်း ရလိုသည့်စေတနာဆန္ဒလည်း ပါကြသည်။ ရခိုင်ရိုးမနှင့် ဘင်္ဂလားပင်လယ်ကြား ကမ်းရိုးတန်းတစ်လျှောက် ကားလမ်းပေါက်နေပေပြီဖြစ်၍ ပိုပြီးအဆင်ပြေသည်။

စာရေးသူတို့ ရန်ကုန်အဖွဲ့သည် နံနက် ၆ နာရီခွဲတွင် ကျွန်းစုနယ် သရက်တောင်ရွာမှ စတင်ထွက်ခွာလာခဲ့ကြသည်။ အမ်းမြို့သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။ ရိုးမတောင်ခြေလမ်းတစ်လျှောက် ဆက်မောင်းလာခဲ့ကြရာ မွန်းတည့် ၁၂ နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြသည်။ တောင်ကုတ်မြို့ စာပေအင်အားစုက အသင့်စောင့်ကြိုနေသဖြင့် တွေ့ဆုံပွဲလေး ခဏလုပ်သည်။ နေ့လယ်စာထမင်းကို တောင်ကုတ်မှာပဲ စားသောက်ကြပြီး ခရီးဆက်ခဲ့ကြသည်။ နေဝင်ရီတရောအချိန်တွင် သံတွဲမြို့သို့ရောက်ရှိကြပြီး ဆရာမောင်မြထွေး(ပင်လယ်) (ရွှေချိုအောင်ပလေ)က အသင့်ကြိုနေသည်။ Kyaw (Myanmar)ဟိုတယ်တွင် တည်းခိုကြသည်။ ဦးတင်ထွန်း (ထက်/အုပ်-ငြိမ်း) ဇနီး ဒေါ်ခင်မိုးရီတို့ ထမင်းဟင်းချက်ပြီး ကြိုနေသဖြင့် ညနေစာကို ပလေမှာပဲ သုံးဆောင်ဖြစ်ကြသည်။ ဦးတင်ထွန်းမှာ သရက်တောင်ရွာတွင် (ထက်/ပြ) တာဝန်ထမ်းဆောင်ခဲ့ပြီး ဒေါ်ခင်စန်းရီမှာ သရက်တောင်ရွာသူ ကျောင်းသားဟောင်းပင်ဖြစ်သည်။ ဦးတင်ထွန်းမှာ သရက်တောင်ရွာ ကန်တော့ခံပင်ဖြစ်သည်။

**၄-၁-၂၀၂၃**

နံနက် ၆ နာရီတွင် အိပ်ရာမှထကြပြီး မဇင်းရွာသို့သွားကာ နာမည်ကြီး ပလေကောက်ညှင်းထုပ်များကို အိမ်ပြန်လက်ဆောင်ဝယ်ခဲ့ကြသည်။ သံတွဲမြို့မှ ဆက်လက်ထွက်ခွာလာရာ ဂွမြို့နယ် ကျိန္တလီမြို့သို့ အရောက်တွင် ဦးတင်အောင်မြင့် (လက်ထောက်မြို့နယ်ပညာရေးမှူး-ငြိမ်း) ဇနီး ဒေါ်ခင်လေးမူ (ထက်/အုပ်-ငြိမ်း)တို့က ရခိုင်မုန့်တီချက်ပြီး ကြိုနေကြသည်။ (ဦးတင်အောင်မြင့်မှာ သရက်တောင်ရွာ ကန်တော့ခံပင်ဖြစ်သည်။)

၄-၁-၂၀၂၃ ရက် ည ၈ နာရီတိတိတွင် စာရေးသူတို့အဖွဲ့ ရန်ကုန်မြို့ကြီးသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အသွားအပြန် ငါးရက်တိတိ ကြာမြင့်ခဲ့ပါသည်။ အောင်မြင်ခြင်းနှင့်အတူ ကျန်းကျန်းမာမာ ပြန်လာကြသည့် ကန်တော့ခံ ဆရာ ဆရာမများကိုလည်း အိမ်အရောက် ပို့ပေးလိုက်ကြသည်။

သရက်တောင်ရွာ မြတ်ဆရာပူဇော်ပွဲကြီး အောင်မြင်ချောမောစွာ ပြီးမြောက်ခဲ့ကြသဖြင့် “အဟောသုခံ အဟောသုခံ အဟောသုခံ”ဟူ၍ မုဒိတာပွားလိုက်ရပါသည်။

ကျန်းမာချမ်းသာကြပါစေ။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲတက်ရောက်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများရောက်ရှိမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၂၀

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ပျားလယ်ချောင်းကျေးရွာ၌ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိနေမှုနှင့် ဖြန့်ခွဲနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ပျားလယ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲသို့ တက်ရောက်ကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စစ်တွေမြို့နယ်အတွင်း မိုးစပါး ထွန်ယက်စိုက်ပျိုးပြီးစီးနေမှု အခြေအနေများနှင့် ဆက်လက်စိုက်ပျိုးနေမှု အခြေအနေများ၊ မိုခါမုန်တိုင်းသင့် ဒေသများသို့ မျိုးစပါးများဖြန့်ဖြူးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှု၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး **(အပေါ်ယာပုံ)** တောင်သူများနှင့်တွေ့ဆုံကာ မိုခါမုန်တိုင်းသင့် တောင်သူများအတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးထားမှု၊ လယ်ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင် ရွက်ခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV- WERU PACK KHA နှင့် ပြည်တော်အေး(၃) သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။





မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မိုခါမုန်တိုင်းအလွန်ကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲက ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ အမိုးအကာအောက်ရောက်ရှိရေးနှင့် ပညာသင်ကြားရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်ဟင်းမှုမရှိစေရေး စသည်တို့ကို မှာကြားခဲ့ကြောင်း၊ ထိုသို့မှာကြားချက်များအပေါ် အကောင်အထည်ဖော်ရန် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ကိုယ်တိုင် အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိခြင်းကြောင့် အချိန်တိုအတွင်းမှာပင် ပြည်နယ်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ဒုတိယဝန်ကြီးများကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နယ်အလိုက်လည်း တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်ရာ နေရာဒေသတွင် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရုံးဌာနများ ပြန်လည်ပတ်ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ အဆိုပါအစည်းအဝေးခန်းမ၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေး (၂/၂၀၂၃) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ပူးတွဲကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကော်မတီ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဌာနဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပူးတွဲကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အကောင်အထည်ဖော်ရန် ကျန်ရှိသော Measures များကို ဆောင်ရွက်ပြီးစီးမည့်ရက် (Definitive Date) များနှင့်အညီ မပျက်မကွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲများရှိပါက သက်တမ်းတိုးမြှင့်ခွင့်ရရှိရေးကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ဆက်စပ် ဆောင်ရွက်ရမည့် ကော်မတီအဖွဲ့ဝင် ဦးစီးဌာနများ၊ လုပ်ငန်းများအနေဖြင့် သဘောတူစာချုပ်ပါ Measures များကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိသည့်အချက်များကို ကနဦး ကောက်ခံထားပြီးဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့၏ ဆန်းစစ်တွေ့ရှိချက်များကို နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ပြီးမြောက်မှု ရာခိုင်နှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ



၂၀၂၃ ခုနှစ်တွင် ၉ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ (၄) ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြပြီး ကော်မတီဝင်များ၏ ဆွေးနွေးမှုများအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲကော်မတီ ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရပ်စောက်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရပ်စောက် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရပ်စောက်မြို့ အင်းခေါင်းကန် သဘာဝရေထွက်တော ဧရိယာအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်စွာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များက သစ်ပင်များ စိုက်ပျိုးပေးပြီး **(ဝဲပုံ)** ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူ စုစုပေါင်း ၅၇၀ ဦးတို့က သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မျောက်ငို၊ ရေသင်းဝင်၊ ကုက္ကို၊ ခါတော်မီ၊ ပိတောက် စုစုပေါင်း သစ်ပင် ၁၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဆုမွန် (ပြန်/ဆက်)**

## ပထမနှစ်ဝက်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားခရီးသွားသုံးသန်းကျော် ဝင်ရောက်

**မနီလာ ဇူလိုင် ၂၀**

၂၀၂၃ ခုနှစ် ပထမနှစ်ဝက် ကာလတွင်း ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားခရီးသွား သုံးသန်းကျော် ဝင်ရောက်ခဲ့သည်ဟု ဖိလစ်ပိုင်ခရီးသွားလာရေးဌာန၏ ဇူလိုင် ၁၉ ရက် ညပိုင်းထုတ်ပြန်ချက်များအရ သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ဇွန် ၁၉ ရက်အထိ ဖိလစ်ပိုင်သို့ အပြည်ပြည်ဆိုင်ရာမှ ခရီးသွား ၃၀၀၀၀၇၉ ဦး ဝင်ရောက်ခဲ့သည်ဟု ဖိလစ်ပိုင်ခရီးသွားလာရေးဝန်ကြီး ခရစ်စတီနာဂရာစီရာဖရာစကိုက ပြောသည်။ ခရီးသွားကဏ္ဍတွင် ပြန်လည်တိုးတက်လာခြင်း ဖြစ်သည်ဟု ၎င်းကပြောသည်။ ပထမနှစ်ဝက်ကာလအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံကျော် အခွန်ငွေရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ငါးဆကျော် တိုးတက်လာခြင်း ဖြစ်သည်ဟု ၎င်းက ပြောသည်။



ဖိလစ်ပိုင်သို့ လာရောက်သည့် ခရီးသွားများတွင် တောင်ကိုရီးယားမှအများဆုံးဖြစ်ပြီး တောင်ကိုရီးယား ခရီးသွား ၇၄၁၆၅၈ ဦး လာရောက် လည်ပတ်ခဲ့သည်။ ခရီးသွားလုပ်ငန်းသည် ဖိလစ်ပိုင်နိုင်ငံသား သန်းပေါင်းများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ရှင်သန်ရပ်တည်မှုအတွက် အထောက်အကူ ဖြစ်စေသည်။ ၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၂ ဒသမ ၆၅ သန်း ဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံ ရရှိခဲ့သည်ဟု ဖိလစ်ပိုင်ခရီးသွားလာရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**



သီရိလင်္ကာသမ္မတ ဝက်ခ်မီဆင်းဟီ

## သီရိလင်္ကာသမ္မတ ဝက်ခ်မီဆင်းဟီ အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာသွားရောက်လည်ပတ်

**နယူးဒေလီ ဇူလိုင် ၂၀**

သီရိလင်္ကာသမ္မတ ရာနေးလ် ဝက်ခ်မီဆင်းဟီသည် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ နှစ်ရက်တာ တရားဝင်ခရီးစဉ်အဖြစ် ဇူလိုင် ၂၀ ရက်တွင် နယူးဒေလီသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းသည် လွန်ခဲ့သည့်တစ်နှစ်က သီရိလင်္ကာသမ္မတဖြစ်လာပြီးနောက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်သည်။ သီရိလင်္ကာသမ္မတသည် ဇူလိုင် ၂၁ ရက်တွင် ဝန်ကြီးချုပ်မိုဒီနှင့် တွေ့ဆုံရန်စီစဉ်ထားပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ နားလည်မှုစာချွန်လွှာအချို့နှင့် သဘောတူညီမှုများကို လက်မှတ်ရေးထိုးရန် မျှော်မှန်းထားကြောင်း သိရသည်။

ယင်းနောက် သီရိလင်္ကာသမ္မတက အိန္ဒိယသမ္မတ ဒရူပါဒီမာမူနှင့်လည်း တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ

## အာအက်စ်အက်(ဖ်) လက်နက်ကိုင်အဖွဲ့က မြို့တော်ခါတွန်၌ ဒရုန်းဖြင့်တိုက်ခိုက်သဖြင့် ၁၄ ဦးသေဆုံးခဲ့ကြောင်း ဆူဒန်စစ်တပ်ပြော

**ခါတွန် ဇူလိုင် ၂၀**

ဆူဒန်နိုင်ငံမြို့တော် ခါတွန်တွင် အာအက်စ်အက်(ဖ်)-RSF လက်နက်ကိုင်အဖွဲ့က ဇူလိုင် ၁၉ ရက်က ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ၁၄ ဦး သေဆုံးကြောင်း ဆူဒန်စစ်တပ်က ကြေညာခဲ့သည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့က အယ်လ် Azouzab ဒေသ၌ ၎င်းတို့တပ်ဖွဲ့နှင့် တွေ့ဆုံရန် စုစည်းထားသည့် နိုင်ငံသားများကို ဒရုန်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်သောကြောင့် နိုင်ငံသား ၁၄ ဦးသေဆုံးပြီး အခြား ၁၅ ဦးမှာ ဒဏ်ရာရရှိကြောင်း စစ်တပ်က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ ဆူဒန်စစ်တပ်က ခါတွန်ရှိ အဆိုပါလက်နက်ကိုင်အဖွဲ့၏နေရာများကို ဆက်လက်ပိုက်စိပ်တိုက် ရှာဖွေသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။



ဆူဒန်နိုင်ငံ ခါတွန်နှင့် အခြားဒေသများတွင် ဧပြီ ၁၅ ရက်မှစကာ ဆူဒန်စစ်တပ်နှင့် Rapid Support Forces လက်နက်ကိုင်အဖွဲ့ကြား အသေအပျောက်များသည့် တိုက်ပွဲများကြောင့် လူပေါင်း ၃၀၀၀ ကျော် သေဆုံးပြီး ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆူဒန်ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြေပြိုမှုဖြစ်ပွားကာ သေဆုံးသူ ၁၆ ဦးအထိတိုးလာ

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် မဟာရက်ရှ်ထရာပြည်နယ်တွင် ဇူလိုင် ၁၉ ရက် ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားကာသေဆုံးသူ ၁၆ ဦးအထိ တိုးလာခဲ့သည်။

လူများစွာမှာလည်း မြေပြိုမှုအပြီး ပိတ်မိနေခဲ့ရသည်ဟု ဒေသခံမီဒီယာများတွင် ဇူလိုင် ၂၀ ရက်က ဖော်ပြထားသည်။ မိသားစုပေါင်း ၃၀ ကျော်မှာ ကြောက်မက်ဖွယ်ပိတ်မိနေဆဲဖြစ်သည်ဟု ဒေသခံမီဒီယာများတွင် ဖော်ပြထားသည်။

မြေပြိုမှုဖြစ်ပွားရာနေရာတွင် နေအိမ်ပေါင်း ၄၆ လုံး ရှိသည့် တိုင်းရင်းသားရွာငယ်လေးရှိပြီး လူပေါင်း ၇၀ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ လူပေါင်း ၁၀၀နီးပါးမှာ ပိတ်မိနေဆဲဖြစ်သည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးအဖွဲ့မှ အဖွဲ့လေးဖွဲ့ကို စေလွှတ်ထားကြောင်း အဆိုပါအဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

မဟာရက်ရှ်ထရာ ပြည်နယ်၏ နေရာအစိတ်အပိုင်းအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းပြီး အနီရောင်အဆင့်အဖြစ် အိန္ဒိယမိုးလေဝသဌာနက ကြေညာထားသည်။

**ဆင်ဟွာ**



## အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အော့ကလန်တွင် သေနတ်ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

**အော့ကလန် ဇူလိုင် ၂၀**

နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့်အော့ကလန်တွင် အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမကျင်းပမီ နာရီပိုင်းအလိုတွင် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ၎င်းအပါအဝင် လူသုံးဦးသေဆုံးခဲ့ရသည်။

ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီခွဲဝန်းကျင်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့သည်။ ပစ်ခတ်သူမှာလည်း သေဆုံးသွားခဲ့သည်ဟု ရဲများက အတည်ပြုသည်။ အဆိုပါ ပစ်ခတ်မှုကြောင့် လူခြောက်ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပစ်ခတ်မှုဖြစ်ပွားရာနေရာနှင့် ၄ ကီလိုမီတာအကွာတွင် နယူးဇီလန်အမျိုးသမီးအသင်းသည် နော်ဝေအသင်းနှင့် အဖွင့်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာတစ်ဝိုက်ကို ပိတ်ဆို့ထားသည်။

အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသား လုံခြုံရေးအတွက် ခြိမ်းခြောက်မည့်ကိစ္စမရှိဟု နယူးဇီလန် ဝန်ကြီးချုပ် ခရစ်ဟစ်ပ်ကင်က ပြောသည်။

ဘောလုံးပွဲ လာရောက်ကြည့်ရှုသည့်ခရီးသွားများနှင့် နယူးဇီလန်နိုင်ငံသားများ၏ လုံခြုံရေးသည် ပထမဦးစားပေးဖြစ်သည်ဟု ၎င်းက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက်တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KKO ခွဲထွက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ကော့ကရိတ်မြို့၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကော့ကရိတ်မြို့ အမှတ် ၇ ရပ်ကွက် ပဒုမ္မာလမ်းတွင် တစ်လုံး၊ အမှတ် ၂ ရပ်ကွက် မြို့တော်ဦး ရပ်ကွက်တွင် တစ်လုံးနှင့် ခရိုင်ပြည်သူ့ဆေးရုံရှေ့တွင် တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦးတို့တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဗုံးသီးများကျရောက်ရာ ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဗုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aye Mi San” အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက်နေ အေးမိစံကို ညနေ ၃ နာရီ မိနစ် ၂၀ အချိန်တွင် ညောင်လေးပင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် ည ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) ရပ်ကွက်တွင် စိုင်းလီ(ခ)ဆိုင်းလီ မောင်းနှင်ပြီး ဂန်ဖန်(ခ)မာဘရန် လိုက်ပါလာသည့် WISH မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ



စိုင်းလီ(ခ)ဆိုင်းလီ၊ ဂန်ဖန်(ခ)မာဘရန်၊ မဆိုင်းခေါန်နှင့် မမာခေါန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၉၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ည ၁၀ နာရီတွင် လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မဆိုင်းခေါန်နှင့် မမာခေါန်တို့နှစ်ဦးကို ဆိုင်ကယ်တစ်စီး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသော မြန်မာငွေကျပ် ၃၆၅ သိန်းတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ပြည့်တန်ဆာအဖြစ်ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၀**

ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နေ မဇူးဇူးအောင်(ခ) ကစ်ကစ်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နေ မ ----၊ ၂၂/၂၀၂၂ နှစ်ကို မိုင်းပေါက်မြို့၌ အလုပ်အကိုင် အဆင်ပြေကြောင်း၊ တစ်လလျှင် ငွေကျပ်သိန်း ၂၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပဲခူးမြို့မရဲစခန်း(ပ) ၃၉၁/၂၀၂၂ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၈ ရက်တွင် တရားခံ မဇူးဇူးအောင်(ခ)ကစ်ကစ်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နာရီစင်ကွင်း၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် အခြေခံပညာ မူလတန်း(ခွဲ)ကျောင်း၊ ကျောက်တင်ဆိပ်သို့ သွားရောက်၍ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စပါးစိုက် တောင်သူများကို တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် အုန်းတောကျေးရွာ ကွင်းအမှတ် (၄၇၇) တောင်သူတစ်ဦး၏ လယ်မြေတွင် ကျင်းပပြုလုပ်သည့် မိုးစပါးစိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ရှိ ကျောင်းသား၊ ကျောင်းသူများအား ဆန်နှင့် ဆီများပေးအပ်ပွဲသို့ တက်ရောက်ပြီး ကျောင်းအုပ်ဆရာကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမ ခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့ ရေဝင်ရောက်နေသောရပ်ကွက်များမှ ပြည်သူများအား ဘေးလွတ်ရာနေရာသို့ ယာယီပြောင်းရွှေ့

**မော်လမြိုင် ဇူလိုင် ၂၀**

မော်လမြိုင်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ရပ်ကွက်များရှိ လူနေအိမ်များသို့ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ရေများ လေးပေခန့် ဝင်ရောက်လာပြီး ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ဈေးကြိုရပ်ကွက်ရှိ အိမ်ထောင်စု ၆၄ စု လူဦးရေ ၂၃၈ ဦးအား ဈေးကြိုရပ်ကွက် ဓမ္မက္ကာရီဓမ္မာရုံသို့ လည်းကောင်း၊ ဇေယျာမြိုင်ရပ်ကွက် အိမ်ထောင်စု ၂၁ စု လူဦးရေ ၆၇ ဦးအား အမက(၁)ဇေယျာမြိုင်သို့ လည်းကောင်း၊ လှိုင်ရပ်ကွက်ရှိ အိမ်ထောင်စု ၅၁ စု လူဦးရေ ၂၃၀ အား ရတနာသိင်္ဂီဘုန်းကြီးကျောင်းသို့ လည်းကောင်း၊ အိမ်ထောင်စု ၁၄ စု လူဦးရေ ၇၀ အား ဇမ္ဗူဒီပါဘုန်းကြီးကျောင်းသို့ လည်းကောင်း ရွှေ့ပြောင်းထားရာ စုစုပေါင်း လူဦးရေ ၆၀၅ ဦးအား ရေကင်းလွတ်သည့် ကယ်ဆယ်ရေးစခန်းများသို့ သက်ဆိုင်ရာက ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။



ထို့ပြင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် ရွှေပြည်အေး၊ ဒိုင်းဝန်ကွင်း၊ မြိုင်သာယာ၊ သုခဝတီ၊ ရွှေမြိုင်သီရိ၊ အင်းယားလမ်း၊ လှိုင်ရပ်ကွက်တို့ရှိ ပြည်သူများကိုလည်း မီးသတ်တပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘိုဘိုဝင်းလူမှုကယ်ဆယ်ရေးအဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လမ်းရေကျော်မှုဖြစ်ပွား

**ချောင်းဆုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မော်လမြိုင်-ချောင်းဆုံ အဝေးပြေးလမ်းမပေါ်ရှိ သကြ္ကောကျေးရွာအတွင်း ကားလမ်းမပေါ်တွင် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီခန့်မှ ၁၁ နာရီအထိ ရေကျော်မှု ဖြစ်ပွားခဲ့ရာ ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကားလမ်းမပေါ် ရေကျော်လာသည့်အတွက် ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူများ လမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်သည်အထိ ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ဖျာပုံမြို့၌ တရားမဝင် ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင် ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အတွင်းမှ အင်္ဂလန်ကျားဖောင်လုပ်ငန်းလုပ်ကိုင်သည့် ဘုန်းကြီးသောင်ကျေးရွာ၊ ချောင်းဝကျေးရွာများသို့ ဇူလိုင် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး ငွေမင်းထိုက်နှင့်အဖွဲ့ဝင်များ၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကိုကိုလွင်၊ သက်ဆိုင်ရာ နယ်မြေလုံခြုံရေး အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က အင်္ဂလန်ကျားဖောင်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဘုန်းကြီးသောင်ကျေးရွာ၊ ချောင်းဝကျေးရွာများသို့ ကွင်းဆင်း၍ ကျားဖောင်ရေယာဉ်တစ်စင်းလျှင် ခွင့်ပြုကိရိယာအရေအတွက်ထက် ပိုမိုလုပ်ကိုင်ထားသည့် ကျားဖောင်များမရှိစေရေး၊ ကိရိယာလွဲမှားပြီး ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေးနှင့် တရားမဝင်ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေးတို့အတွက် ကျားဖောင်လုပ်ကိုင်လျက်ရှိသော ကျေးရွာမြစ်ချောင်းများအတွင်း လိုက်လံစစ်ဆေးခြင်းဖြစ်သည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ တောင်ညို တောင်တက်လမ်း၌ မြေသားများ ပျော့ကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွား

**မော်လမြိုင် ဇူလိုင် ၂၀** – မွန်ပြည်နယ် မော်လမြိုင်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဈေးကြိုရပ်ကွက် တောင်ညိုတောင်တက်လမ်းရှိ အုန်းသုံးပင်အနီး၌ တောင်၏အစွန်းမြေသားများ ပျော့ကျ၍ တောင်တက်လမ်းပေါ်သို့ ပေ ၂၀ ခန့် ပြိုကျကာ လမ်းပိတ်ဆို့မှု ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီခန့်က ဖြစ်ပွားခဲ့သည်။ အဆိုပါ တောင်ညိုတောင်တက်လမ်းပေါ် မြေပြိုကျပိတ်ဆို့နေမှုကို တောင်ညိုကျောင်းတိုက်ဆရာတော်နှင့် ကျောင်းဒကာအဖွဲ့များ၊ မုပွန်နယ်မြေစခန်းမှူး ရဲအုပ်စောမျိုးလင်းနှင့် တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လတ်တလောအခြေအနေတွင် ဆိုင်ကယ်များသာ သွားလာနိုင်ပြီး မော်တော်ယာဉ်များ သွားလာနိုင်ခြင်းမရှိသေးကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စိုက်ပျိုးသီးနှံအလိုက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် ပြောင်းလဲရွေးချယ်စိုက်ပျိုးရန် လိုအပ်




ပဲခူး ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က စိုက်ကေတိုးချဲ့ရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အစည်းအဝေးလမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အတွင်း တစ်သီးစိုက်ကေများ လျော့နည်းစေရေး နည်းလမ်းပေါင်းစုံဖြင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သွင်းအားစုများနှင့် ပတ်သက်၍ သဘာဝမြေဩဇာ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး မျိုးစေ့များ ရရှိနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဇူလိုင်လအကုန် မိုးစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အထူးအလေးထား ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေး အထွက်နှုန်း ကောင်းသော မျိုးကောင်းမျိုးသန့် ပြောင်းလဲရွေးချယ် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဧရာဝတီမြစ်နှင့် မြစ်မခမြစ်ကြားရှိ မြေနုကျွန်းများ၊ ယာမြေများတွင် အထွက်နှုန်းကောင်း မြေပဲမျိုးအပြင် ကြက်သွန်နီ စိုက်ပျိုးနိုင်ရေး မြေပြင်ကွင်းဆင်း စိစစ်တင်ပြပေးခြင်းနှင့် ပြည်တွင်း ပြည်ပဈေးကွက်ရှိသည့် မည်သည့်သီးနှံမဆို မြေလပ်မရှိ စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နှစ်ရှည်သီးနှံစိုက်ခင်းများတွင် ဒေသနှင့်ကိုက်ညီသော ပြည်ပဈေးကွက်ဝင် (ရိုဘက်စတာ) ကော်ဖီမျိုးနှင့် ကိုးကိုးစိုက်ပျိုးပင်များ တွဲဖက်စိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာအား အမှန်တကယ် စိုက်ပျိုးအောင်မြင်နိုင်သည့် မြေနေရာများ ရှာဖွေ၍ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်စေရေး မြေပြင်ကွင်းဆင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်တစ်ခုချင်းအလိုက် စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသည်။

တိုင်းဒေသကြီး အတွင်း မိုးစပါးလျာထားဧက ၂၆၉၇၄၇၂ ဧကတွင် စိုက်ပျိုးပြီး ၂၃၃၉၅၃၅ ဧကဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၇၃ ရာခိုင်နှုန်း စိုက်ပျိုးထားရှိပြီး ဇူလိုင်လအကုန်တွင် လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ ထူးချွန်သင်တန်းသူများအား အပ်ချုပ်စက်များ ချီးမြှင့်

ပဲခူး ဇူလိုင် ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မဲခေါင်- လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းအရ ဖွင့်လှစ်ခဲ့သည့် အခြေခံအပ်ချုပ် စက်သင်တန်း(၁/၂၀၂၃)ဆင်းပွဲ အခမ်းအနားကို ပဲခူးမြို့နယ် ဘုရားကြီးမြို့ ရွာသစ်ကျေးရွာ သင်တန်းခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသည့် သင်တန်းသူလေးဦးအား အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးဌာနမှူး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများမှ အဝတ်အထည်များအား လက်တွေ့ချုပ်ပြနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်းအရဖွင့်လှစ်ခဲ့သည့် အခြေခံအပ်ချုပ်စက်သင်တန်း(၁/၂၀၂၃)အား ဇွန် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




## မြစ်ဆုံဒေသအား မြစ်ကြီးနားမြို့၏ ခရီးသွားပြယုဂ်တစ်ခုဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား ဇူလိုင် ၂၀

ကချင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်နှစ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ၆၉ လုံး၊ ခရီးသွားလှည့်လည်ရေးလုပ်ငန်း ၆၁ ခုနှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန် ၁၆၇ ဦးတို့အတွက် လုပ်ငန်းလိုင်စင်အသစ် ခွင့်ပြုချထားပေးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က ကျင်းပသည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၃)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြည်တွင်းပြည်ပဧည့်သည် ၇၁၇၇၁ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၁၈၄၁၁၁ ဦး၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ ၇၀၇၈၈ ဦး ဝင်ရောက်ခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ခရီးသွားများ လာရောက်မှုနှုန်း မြင့်တက်လာနေကြောင်း သိရပြီး ဝင်ငွေရရှိမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ငွေကျပ် ၁၃၅၃ ဒသမ ၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆၆၃၅၊ ၂၀၂၂ ခုနှစ်တွင် ငွေကျပ် ၃၂၄၉ ဒသမ ၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၄၇၅၃၅၊ ယခုနှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ ငွေကျပ် ၁၃၃၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၇၈၅ ရရှိခဲ့သည်။

ထို့အတူ နိုင်ငံခြားသားဝင်ရောက်မှုအနေဖြင့် နိုင်ငံပေါင်း ၆၀ မှ နိုင်ငံခြားသားခရီးသည် ၁၅၈၆ ဦး ဝင်ရောက်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ နိုင်ငံခြားသားဧည့်သည် ၈၈၅ ဦး ဝင်ရောက်ခဲ့မှုသည် ယခင်နှစ်က ဝင်ရောက်သည့် လူဦးရေထက် ၄၂၉ ဦးအထိ များပြားလာကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်တွင် အထင်ကရဖြစ်ပြီး ခရီးသွားများအား အဓိက ဆွဲဆောင်နေသည့် ပူတာအိုဒေသရှိ ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးစဉ်အနေဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် ခရီးသည်ခုနစ်ဦး၊ ဒေသဧည့်လမ်းပြလေးဦးနှင့် အထမ်းသမားခုနစ်ဦး စုစုပေါင်း ၁၈ ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလတွင် ခရီးသည်ခုနစ်ဦး၊ ဧည့်လမ်းပြငါးဦးနှင့် အထမ်းသမားရှစ်ဦး စုစုပေါင်း ၂၀ တို့ဖြင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။



ဖုန်ကန်ရာဇီရေခဲတောင်ခြေရှိ ဇီယာဒမ်းကျေးရွာ။

အလားတူ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး မြစ်ဆုံဒေသအား မြစ်ကြီးနားမြို့၏ ခရီးသွားပြယုဂ်တစ်ခုဖြစ်ပေါ်လာစေရေး အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပူတာအိုဒေသအား ရေခဲတောင်များ အပါအဝင် သဘာဝအလှအပများစွာရှိသည့်အတွက် ပြည်တွင်း ပြည်ပခရီးသွားမြို့တော်ဖြစ်လာစေရေး ဒေသခံပြည်သူများ၊ ပူတာအိုခရိုင် ခရီးသွားစီမံခန့်ခွဲရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားများ အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်

မြို့သစ် ဇူလိုင် ၂၀

မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်နေသည့် ပေပင်ရိုး၊ ပုဂံမျော်၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်လမ်း၊ လမ်းအရှည်( ၀/ ၆.၁၃) မိုင်ကို ကွန်ကရစ်ခင်းခြင်း၊ အမာခံလမ်းပခုံးခင်းခြင်း ဆောင်ရွက်နေမှုအား အချိန်မီပြီးစီးနိုင်ရေးနှင့်လမ်းနယ်ရရှိမှုအခြေအနေများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၈၁ သန်းနှင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/ တံတားလုပ်ငန်းများ၊ ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်လမ်း/ တံတားလုပ်ငန်းများနှင့် လမ်းနယ်ရရှိမှုအခြေအနေတို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်နိုင်ဦးထံမှ သိရသည်။

**ကိုဇော်(ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့် ဆန်စီးဆင်းထွက်ရှိမှု အခြေအနေ

**စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များမှ ကလေး၊ ကန့်ဘလူနှင့် မုံရွာခရိုင်တို့တွင် ဈေးအနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။**



စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဇူလိုင်လ(တတိယ)ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ ၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ နှစ်စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀၊ နှစ်စပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ် ငွေကျပ် ၁၀၀၀၀၀ ၊ နှစ်စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀၊ နှစ်စပါး (ရွှေဝါထွန်း)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀၊ ငစိန်(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ငစိန်(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀၀၊ ရောမင်း (ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ နှစ်စပါး (ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၉၀၀၀၀၀၊ နှစ်စပါး (ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော် မြို့နယ်မှ မော်ဘီ (၂) (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ ဆင်းကေရီ (၃) (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀လျှင် ငွေကျပ် ၂၀၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀၊ နှစ်စပါး(ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ နှစ်စပါး(ဆင်း-၃) (ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ မနောသုခ(ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့ တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၉၇၅၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀၊ နှစ်စပါးရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးမှ ဇူလိုင်လ (ဒုတိယ)ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြား တိုင်းဒေသကြီးများသို့ ဆန်စီး ထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၆၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၉၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၇၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ကချင်သို့ အိတ်ရေ ၁၀၀၀ စုစုပေါင်း အိတ်ရေ ၆၄၀၀၀ ၊ တန်အားဖြင့် ၃၂၀၀ ထွက်ရှိခဲ့ပြီး ယခု ဇူလိုင်လ (တတိယ)ပတ်တွင် စစ်ကိုင်း တိုင်းဒေသကြီးမှ အခြားတိုင်း ဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၄၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၄၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့အိတ်ရေ ၅၀၀၀၊ ကချင်သို့ အိတ်ရေ ၃၀၀ စုစုပေါင်း အိတ်ရေ ၆၁၃၀၀ ၊ တန်အားဖြင့် ၃၀၆၅ စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခု ပတ်တွင် အိတ်ရေ ၂၇၀၀ ၊ တန် အားဖြင့် ၁၃၅ တန် လျော့နည်း စီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**



## ပြည်ပဲကြီး နှစ်စဉ်ဈေးကောင်းရလျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံအနေဖြင့် မတ်ပဲ၊ ကုလားပဲသီးနှံများနှင့် နှိုင်းယှဉ်လျှင် ဈေးပိုရလျက်ရှိပြီး ပဲလက်ကျန်ရှိမှုအပေါ် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြည်ပဲကြီးကို ပဲခွဲစက်သမားများ အဓိက ဝယ်ယူကြပြီး ရန်ကုန်ဝယ်လက်လည်းရှိသည့်အတွက် အိတ် ၂၀၀/ ၃၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပဲကြီးဈေးနှုန်းမှာ ရွှေကျွန်းတစ်တင်း ငွေကျပ် ၉၇၀၀၀ ၊ ကမ်းနား တစ်တင်း ငွေကျပ် ၉၃၀၀၀ ဖြင့် အသီးသီးရောင်းဝယ်ဖြစ်နေကြောင်း၊ ပဲကြီးသီးနှံမှာ အခြားပဲများနှင့် နှိုင်းယှဉ်လျှင် နှစ်စဉ်ဈေးကောင်း ရသောကြောင့် ယခင်နှစ်က ဇူလိုင်လတွင် တစ်တင်း ငွေကျပ် ၇၅၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိပြီး ယခုနှစ်တွင်လည်း တစ်တင်းလျှင် ငွေကျပ် တစ်သိန်းနီးပါးအထိ ရရှိနေသောကြောင့် လှောင်၍ထားသောပဲကြီးများကို ပဲလက်ကျန်သမားများ ထုတ်ရောင်းချမှုရှိခဲ့ကြောင်း သိရသည်။

**DOCA(ပဲခူး)**

### ၁၉ - ၇ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၂၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ | ၃၂၄၀၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ | ၃၂၆၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ | ၃၂၂၅၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၃၂၀၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၃၂၆၅၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ | ၃၂၀၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၃၂၄၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | | ၃၂၆၀၀၀၀ |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၁၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၃၂၃၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ | ၂၉၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၅၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၃၀၂၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၅၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၃၂၆၀၀၀၀ |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ | ၃၃၂၀၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၃၀၀ | ၈၃၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၉၅၀၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၈၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၇၀၀ | | ၁၃၀၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၃၂၀၀၀၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၃၂၁၀၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၆၈၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၃၂၀၀၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၃၂၂၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၉၅၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၉၅၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၃၃၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပခုက္ကူတွင် ၂၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက်တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မုံရွာတွင် ၃၀၀ ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ မုံရွာတွင် ၃၀၀ ကျပ်၊ ချင်းတစ်ပိဿာလျှင် မကွေးတွင် ၅၀၀ ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် လှိုင်ကော်တွင် ၄၀၀ ကျပ်၊ ရန်ကုန်တွင် ၂၀၀ ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ ကျပ်၊ အာလူးတစ်ပိဿာလျှင်မြိတ်တွင် ၂၀၀ ကျပ်၊ သကြားတစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၃၀၀ ကျပ်၊ ပခုက္ကူတွင် ၈၀၀ ကျပ်၊ ပြည်တွင် ၂၀၀ ကျပ်၊ ချင်းတစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ ကျပ်၊ မြေပဲဆန်နှင့် ကုလားပဲဝါ တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ ကျပ်၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ ကျပ် ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန် ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်တာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးအား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက် ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မူဆယ်မြို့၌ ဘိုးဘွားရိပ်သာ တည်ဆောက်မည်

**မူဆယ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ဘိုးဘွားရိပ်သာ တည်ဆောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် မြေအလှူရှင်များက လှူဒါန်းရန်အဆိုပြုထားသည့် မြေနေရာများအား မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် မူဆယ်ခရိုင် မြေစာရင်းမှူး ဦးမျိုးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ မြို့နယ်စီမံအဖွဲ့ဝင် ဦးအောင်ရင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးတို့ အပါအဝင် ပရဟိတအသင်းအဖွဲ့များက ကွင်းဆင်း ကြည့်ရှုခဲ့ကြသည်။

ဘိုးဘွားရိပ်သာ တည်ဆောက်ရန် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မိသားစုက အလှူငွေကျပ် သိန်းတစ်ရာ မတည်လှူဒါန်းပြီး ကုသိုလ်ရှင်၊ စေတနာရှင်များ၏ အလှူငွေများဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘိုးဘွားရိပ်သာ တည်ဆောက်ရန် ကော်မတီဝင်များ စနစ်တကျ ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်း အမြန်ဆုံး အကောင်အထည်ဖော်လုပ်ကိုင် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးသည့် အချိန်တွင် လူမျိုးဘာသာ မခွဲခြားဘဲ အသက်အရွယ်ကြီးပြီး အားကိုးအားထားမရှိသူ၊ ဆင်းရဲနွမ်းပါးမှီခိုစရာမရှိသူ စသည်အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသည့် အဘိုးအဘွားများကို ဦးစားပေး ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုးဘွားရိပ်သာ မြေနေရာ ကြည့်ရှုစစ်ဆေးရေးတွင် ပါဝင်သော လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးအပ်ရေးကွန်ရက်၊ ကမ်းလက်ကူညီ ပရဟိတအသင်း ဥက္ကဋ္ဌ ဦးဝင်းဌေးက "ဘိုးဘွားရိပ်သာ တည်ဆောက်ဖို့အတွက် အရင်ကတည်းက ရည်ရွယ်ချက် ရှိပါတယ်။ မြေနေရာက သုံးနေရာရှိပါတယ်။ ဘယ်နေရာ အတည်ဖြစ်မယ်ဆိုတာတော့ အတိအကျ မသိသေးဘူး၊ မြေနေရာအတွက်လည်း အလှူရှင်တွေရှိပါတယ်။ ပြီးတော့ ဘိုးဘွားရိပ်သာ တည်ဆောက်ဖို့အတွက်လည်း အလှူငွေကျပ်သိန်း ၃၀၀ လောက်တော့ ရှိထားပါတယ်။အမြန်ဆုံးတည်ဆောက်ဖို့အတွက်လည်း ကြိုးစားနေကြပါတယ်" ဟု ပြောသည်။

**သန့်ဇင် (မူဆယ်)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆ ဦး တွေ့ရှိ

(၂၀- ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ် ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၇၃,၂၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၂၇၅/က)နေ ကန်ထရိုက်တာ ဦးမျိုးဝင်း (တံခွန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) ၁၂/သဃက(နိုင်)၁၅၈၇၁၀ သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅–၅–၂၀၂၃ ရက်တွင် မြေရှင်ဒေါ်စမ်းမြင့် ၁၂/သကတ(နိုင်)၀၄၈၄၃၄ ထံမှ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင် အမှတ် (၈၀၆၁/၂၀၂၃)ဖြင့် ၁၈–၆–၂၀၂၃ ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် (၂)ခန်းတွဲ (၆)ထပ် အဆောက်အအုံအသစ် ဆောက်လုပ်ရန် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်ပါအတိုင်း အခန်းပေးအခန်းယူစနစ်ဖြင့် အကျိုးတူဆောက်လုပ်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ရယူခဲ့ပြီး တိုက်သစ်မှာဆောက်လုပ်ပြီးစီးခြင်းမရှိသေးပါ။ သို့သော်လည်း ၁၃–၇–၂၀၂၃ ရက်ထုတ် သတင်းစာ၏ စာမျက်နှာ(၂၀)တွင် ဒေါ်စမ်းမြင့်မှ ၎င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအား ထည့်သွင်းကြော်ငြာခဲ့ပါသည်။ ပဋိညာဉ်ဥပဒေပုဒ်မ (၂၀၂)အရ မြေရှင်နှင့်ကန်ထရိုက်တာတို့ ချုပ်ဆိုထားသည့် ပဋိညာဉ်၌ ကန်ထရိုက်တာမှ အဆောက်အအုံအပေါ် အကျိုးသက်ဆိုင်မှုရှိသဖြင့် ကိုယ်စားလှယ်လုပ်ငန်း မပြီးဆုံးမီ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းကိုရုပ်သိမ်းခြင်းမပြုနိုင်ပါသဖြင့် ဒေါ်စမ်းမြင့်အနေဖြင့် ၎င်းမှကန်ထရိုက်တာဦးမျိုးဝင်းထံ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခွင့်မရှိပါကြောင်း ဒေါ်စမ်းမြင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**တံခွန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ**
**ဦးမျိုးဝင်း (ကန်ထရိုက်တာ) ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဂရေစီအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၆၈၇/၂၀၁၇)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ ရှင်ထွေးညိုလမ်း၊ မြေကွက်အမှတ် (၈၆)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးထွေး (AB-၀၇၁၉၃၇) အမည်ပေါက် ပါမစ်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၇)နှင့် ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မာလွင် (၁၂/မဂဒ (နိုင်) ၁၅၀၆၇၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၁၅)၊ (၂)ခန်းတွဲ RC(၈)ထပ် အဆောက်အအုံ၏ (စတုတ္ထထပ်)၊ (၅-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း)၊ ဧရိယာ(၁၀၄၀)စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူများ ဖြစ်သော ဦးသိန်းစိုး ၁၂/ကမတ(နိုင်)၀၁၀၁၁၃၊ ဦးရန်အောင် ၁၂/ကမတ(နိုင်)၀၅၀၂၃၁၊ ဒေါ်ကြည်ကြည်တင့်(ခ)ဒေါ်ကလျာနိုင် ၁၂/ကမတ(နိုင်)၀၆၉၁၇၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရန်ဖြိုးအောင် ၆/မမန(နိုင်) ၁၄၇၀၈၉၊ ဒေါ်မေမြင့်မိုရ်သော် ၁၂/ကမတ(နိုင်)၀၇၁၁၂ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်ဖြိုးအောင်၊ ဒေါ်မေမြင့်မိုရ်သော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ- (စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ၁၃-၇-၂၀၂၃ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၀)တွင်ပါရှိသော ဒေါ်စမ်းမြင့် ၁၂/သကတ(နိုင်)၀၄၈၄၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်မာမာသိန်း (စဉ်-၈၇၉၂)နှင့် အထက်တန်းရှေ့နေ ဒေါ်နှင်းဝေလွင် (စဉ်- ၅၄၃၀၅)တို့မှ ကန်ထရိုက်တာ ဦးမျိုးဝင်း ၁၂/သဃက(နိုင်)၁၅၈၇၁၀ (တံခွန်ဦးဆောက်လုပ်ရေး)နှင့် အများသိစေရန်ကြေညာခြင်း ကြော်ငြာပါကိစ္စရပ်များမှာ လုံးဝမှန်ကန်ခြင်းမရှိပါကြောင်း ဒေါ်စမ်းမြင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ တံခွန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ မန်းနေဂျင်းရိုက်တာ ဦးမျိုးဝင်း (ကန်ထရိုက်တာ)နှင့် ဒေါ်စမ်းမြင့်၊ ဒေါ်စန်းဝင်း၊ ဒေါ်ဌေးဌေးနှင့် ဦးကျော်စန်းနိုင်(ဦးပြုံးချို၏ အမွေဆက်ခံပိုင်ခွင့်ရှိသော ကိုယ်စားလှယ်)တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ အနော်မာရပ်ကွက်၊ အနောက်(၂)လမ်း၊ အမှတ်(၆၈)ဟုခေါ်တွင်သော ဒေါ်ခင်တင့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်၌ အခန်းပေးအခန်းယူ ဆောက်လုပ်ရန် လုပ်ငန်းအပ်နှံရာတွင် အမည်ပေါက်မိခင်မှာ ကွယ်လွန်ပြီးဖြစ်ရာ သားသမီးတစ်ဦး၏ အမည်ပြောင်းလဲရန် ဆောင်ရွက်ရမည်ဖြစ်၍ လုပ်ငန်းကာလကြာမြင့်မည်ကို သိရှိသဘောတူကြပြီး ၁၈-၆-၂၀၂၀ရက်က သက်သေများရှေ့မှောက်တွင် ကုမ္ပဏီရုံးခန်း၌ လုပ်ငန်းအပ်နှံခြင်းစာချုပ်အား ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီးသည့်ရက်မှစ၍ ၂၄လအတွင်း ပြီးစီးအောင်ဆောက်လုပ်ပေးရန် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ၎င်းတို့ထံသို့ ပြောင်းရွှေ့စရိတ်ငွေကျပ်သိန်း(၇၀) အနက်မှ စရန်ငွေကျပ်သိန်း ၂၀အား ထိုရက်ကပေးအပ်ခဲ့ပြီး ကျန်ငွေများကို Proposal ပုံစံမူအားဖြင့် ခွင့်ပြုပြီး အိမ်ဟောင်းဖျက်သည့်ရက်တွင် ဒုတိယအရစ်ငွေကျပ်သိန်း(၃၀)ကိုလည်းကောင်း၊ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိသည့်ရက်မှ တစ်ပတ်အတွင်း ငွေကျပ်သိန်း (၂၀)ကိုလည်းကောင်း ပေးအပ်ရန် သဘောတူခဲ့ကြပါသည်။

ထိုသို့စာချုပ်ချုပ်ဆိုပြီးနောက် ၎င်းတို့မှ ဒေါ်စမ်းမြင့်အမည်ပေါက် ပြောင်းလဲရန်ကိစ္စအား လိုအပ်သည်များကို ကူညီပေးနိုင်သည်အထိ ဆောင်ရွက်ပေးပါရန် ကျွန်ုပ်မိတ်ဆွေထံ အကူအညီတောင်းခံလာ၍ စာချုပ်တွင်ထည့်သွင်းချုပ်ဆို ထားခြင်းမရှိသော်လည်း လူမှုရေးအရ ကူညီပေးရန်သဘောတူပြီး ဒေါ်စမ်းမြင့်တို့အပေါ် ယုံကြည်မှုဖြင့်ဂရန်မူရင်းအား ၎င်းတို့လက်ဝယ်ထားရှိစေပြီး လိုအပ်ချိန်လိုက်ပါပြသစေကာ ကုမ္ပဏီမှငွေကြေးစိုက်ထုတ်၍ Special Power လွှဲယူခြင်း၊ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဒေါ်စမ်းမြင့်ညီအစ်ကိုမောင်နှမများမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်စွန့်လွှတ်ခြင်း မှတ်ပုံတင်စာချုပ်များချုပ်ဆိုပေးခြင်းတို့ ပြုလုပ်ပြီးစီးခဲ့၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဆောက်လုပ်ခွင့်ပြုမိန့် တင်ရန်အတွက် အဆောက်အအုံပုံရေးဆွဲခြင်း စသည့်လိုအပ်ချက်များ ဆောင်ရွက်ပြီး မြေတိုင်းမြေပုံထုတ်ယူရရှိပြီးနောက် ဆောက်လုပ်ခွင့်ပြုမိန့်အား ၂၆-၅-၂၀၂၃တွင် လျှောက်ထားခဲ့ပြီး မြေငှားဂရန်တွင် အမည်ပေါက်ပြောင်းလဲရန်သာ ကျန်ရှိသဖြင့် ကိုယ်တိုင်ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းကို ဒေါ်စမ်းမြင့်ကိုယ်တိုင်သိရှိပြီး ဖြစ်ပါသည်။

ထိုကိစ္စရပ်နှင့်ပတ်သက်၍ ဒေါ်စမ်းမြင့်မှာကျွန်ုပ်မိတ်ဆွေနှင့် ကုမ္ပဏီအပေါ်ဆက်သွယ်အကြောင်း ပြန်ကြားခြင်း မပြုသလို ဒေါ်စမ်းမြင့်မှ မြေအမည်ပေါက်ရန်အတွက် ဆက်လက်ဆောင်ရွက်ခြင်းမရှိ ပျက်ကွက်နေခြင်းသာဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ လျှောက်ထားသည့်ဆောက်လုပ်ခွင့်ပြုမိန့်တွင်လည်း လိုအပ်ချက်အနေဖြင့် ဖြစ်ပေါ်လျက် ရှိနေပါသည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီဘက်မှ (၃)နှစ်ကာလကြာမြင့်သည့်ကာလအတွင်း အချိန်နှင့်ငွေကြေးများပါ နစ်နာဆုံးရှုံးလျက် ရှိနေခြင်းသာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေနှင့် ကုမ္ပဏီဘက်မှ မည်သည့်ကတိကဝတ်ကိုမျှ ဖောက်ဖျက်ခြင်း လုံးဝမရှိပါဘဲလျက် ဒေါ်စမ်းမြင့်သည် တိုက်ဆက်လက်ဆောက်လုပ်လိုသောဆန္ဒမရှိဘဲ ၎င်း၏တာဝန်ပျက်ကွက်မှုအား ဖုံးကွယ်ကာ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီထံ ပြန်လည်ပေးအပ်ရမည့်ငွေများအား ပေးအပ်လိုခြင်းမရှိသည့်အတွက် ဖြစ်ရပ်မှန်များအား ထိမ်ချန်ကာ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့် ကောင်းသတင်းဖြင့် ကျော်ကြားနေသော ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့် စီးပွားရေးလုပ်ငန်းပုံရိပ်တို့ ကျဆင်းထိခိုက်နစ်နာစေရန် ရည်ရွယ်၍တမင်မမှန်မကန်ရေးသားဖော်ပြကြေညာခြင်းသာ ဖြစ်ပါသည်။ ဒေါ်စမ်းမြင့်အနေဖြင့်လည်း ၁၈-၆-၂၀၂၀စာချုပ်အား ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ သဘောတူညီချက်မရရှိဘဲ တစ်ဖက်သတ် ပျက်ပြယ်၍မရပါကြောင်းနှင့် စာချုပ်၏သဘောတူညီချက် စည်းကမ်းများအတိုင်းသာ ဆက်လက်အတည်ဖြစ်လျက် ရှိပါသဖြင့် ဒေါ်စမ်းမြင့်မှ စိတ်ကြိုက်စီမံခန့်ခွဲခွင့်မရှိပါကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ၁၃-၇-၂၀၂၃ရက်ထုတ် သတင်းစာ၏ စာမျက်နှာ(၂၀)တွင် ဒေါ်စမ်းမြင့်ထည့်သွင်းကြော်ငြာထားသော ကြေညာချက်အား အဆိုပါသတင်းစာတွင်ပင် ပြန်လည်ဝန်ချတောင်းပန်ဖော်ပြ ရုပ်သိမ်းပေးပါရန် အသိပေးတောင်းဆိုပြီး အကယ်၍ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ပေးခြင်း မရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေဦးမျိုးဝင်း၏ ဂုဏ်သိက္ခာနှင့် ကောင်းသတင်းဖြင့် ကျော်ကြားနေသော ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့် စီးပွားရေးလုပ်ငန်းပုံရိပ်တို့ ကျဆင်းထိခိုက်နစ်နာစေရန်ရည်ရွယ်၍ တမင်မမှန်မကန် ပြုလုပ်မှုများကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှုများအတွက် ဒေါ်စမ်းမြင့်တို့အပေါ် တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်စမ်းမြင့်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**တံခွန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ**
**ဦးမျိုးဝင်း (ကန်ထရိုက်တာ)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂရေစီအေးမြင့်(LL. B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၇/၂၀၁၇)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

SHANN NGWE PADAYTHAR MICROFINANCE COMPANY LIMITED ၏ မူလမတည်ငွေရင်းကျပ်သိန်း (၆၀၀,၀၀၀,၀၀၀) မှ ကျပ်သိန်း (၂၅၀,၀၀၀,၀၀၀)အထိ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ**
**SHANN NGWE PADAYTHAR MICROFINANCE COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ ၎င်း(၁)လမ်းရှိ မြေကွက်အမှတ်(၃၀၂)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များနှင့် မြေကွက်အမှတ်(၃၀၃)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ ဧက(၂၄၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သော ယင်းမြေကွက်(၂)ကွက်၏ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ဖြစ်သည့် ဦးစဖုန်းအောင် ၁၄/ပသရ(နိုင်)၀၄၇၀၁၀ မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းများဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူများဖြစ်သော ဦးရဲမိုး၊ ဦးရန်နိုင်လင်း၊ ဒေါ်ပန်းဝတ်ရည်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉ -၂၅၆၂၈၆၃၉၁၊**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်-၃၀၃/ခ ၊ စတုရန်းပေ (၁၂၀၀)၊ အကျယ်အဝန်း ပေ(၂၀x၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံမှာ (၁) ဒေါ်လှိုင်ပြည့်ပြည့်ဖြိုး ၁၂/ဒဂမ(နိုင်)၀၁၁၈၆၅၊ (၂) ဦးကျော်ဇင်သက် ၁၂/ဒဂမ(နိုင်)၀၁၂၄၃၂၊ (၃) ဒေါ်ဝင်းရွှေရည်ဝင်း ၁၂/ဥကတ(နိုင်)၁၈၁၆၁၅ တို့မှ တရားဝင်ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေများက ၎င်းတို့ထံမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းပပစန္ဒာ LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်) ပတ္တမြားလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း - ၀၉- ၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၈)၊ ဂန္ဓမာလမ်း၊တက္ကသိုလ် ရိပ်မွန်အိမ်ရာ၊ (၁၁၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက် အမှတ်(၁၁၀)၊ မြေကွက်အမှတ် (၇၉)၊ ဧရိယာ ၀ ဒသမ ၁၇၃ ဧကရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူများဖြစ်သော ဦးတင်ထွန်းအောင် ၁၂/မရက (နိုင်)၀၅၈၄၃၃၊ ဒေါ်ယဉ်ယဉ်ကြည် ၁၂/မရက(နိုင်)၀၉၄၁၀၉ တို့မှ လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင်းရည်မွန် ၇/ညလပ(နိုင်)၁၂၇၇၀၁ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းရည်မွန် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်း ဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ အာလမ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ် (၃၄)၊ မြေဧရိယာ ၀ ဒသမ ၂၅၆ ဧကရှိမြေကွက်သည် မူလက ဦးဇော်ပတ်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၆/ V ကျေးရွာမြေ (၂၀၁၆-၂၀၁၇) အရ ၁၅-၇-၂၀၂၆ ရက်ထိ (၁၀)နှစ်ကျေးရွာမြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှား ဂရန်အမည်ပေါက်သူ ဦးဇော်ပတ် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ WANG SHIN PHON) က ၅-၆-၂၀၂၃ရက်စွဲပါမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် အမှတ်(၂၇၁/၂၀၂၃)အရ ဦးစိုးမင်းသန့် ၁/မကန(နိုင်)၁၈၃၇၇၅ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးစိုးမင်းသန့် အမည်ဖြင့် ကျေးရွာမြေငှား ဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သုမင်္ဂလာလမ်းရှိ မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်းမှ မောင်အောင်ကျော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ဖြစ်ပါကြောင်း။

**ဦးသန်းလွင်**
**၁၀/ဘလန(နိုင်)၁၁၆၄၆၂**

## PASSPORT
### ပျောက်ဆုံးကြောင်း ကြော်ငြာခြင်း

ကျွန်တော် မောင်ဟိန်းဝင်းအောင် ၁၂/ဒဂဆ(နိုင်)၀၀၅၃၄၈ ၏ PASSPORT (Passport No-MD 512537)သည် ပျောက်ဆုံးသွားကြောင်း ကြော်ငြာအပ်ပါသည်။

**ဖုန်း-၀၉-၇၆၀၅၈၇၄၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6926 FORD RANGER ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းကြိုင် ၈/မမန(နိုင်) ၁၂၁၈၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/88587 Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/18299 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/5306 ယာဉ်လက်ဝယ်ရှိသူ LLUVIA Limited မှတ်ပုံတင်အမှတ် 182572403 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၃/၂)၊ ဦးပိုင်အမှတ် (၃၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်သည် မူလက ဦးမျိုးဝင်း အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၄၅၆(၃) ၁၉၉၉-၂၀၀၀ အရ (၃၁-၁၀-၂၀၁၄)ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးမျိုးဝင်းက (၈-၆-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၇၆/၂၀၂၃)အရ ဦးလာခါး ၁/မကန(နိုင်)၀၂၀၈၁၆ ထံသို့ အပြီးအပိုင်ရောင်းချ ပေးခဲ့ပါသည်။ ယခုအခါ ဦးလာခါးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက် သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသား သတိပေးကြေညာချက် လုပ်ငန်းတံဆိပ်အမည်အမှတ်အသား

**'စိန်ဝင်း'**

**မှတ်ပုံတင်စာချုပ်အမှတ်(၂၃၉/၂၀၂၃)**

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဦးစိန်ဝင်းမှ မိမိတစ်ဦးတည်း အမည်ဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံမြွက်ဟကြေညာ၍မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းတံဆိပ်အမည်အမှတ် အသားအား ကျား/မ အဝတ်အထည်အမျိုးမျိုးကို လက်လီ/လက္ကား ရောင်းချပေးနေသည့် အထည်ဆိုင်လုပ်ငန်း၌ အသုံးပြုပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခွဲများခွဲကာ ရောင်းချသွားမည့်အပြင် အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ တီဗွီ၊ ဗီဒီယိုကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာနှင့်ဆိုင်တံဆိပ်တုံး၊ ဒီဇိုင်းတံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ Internet, Website, E-mail အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေသုံးစွဲ၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ အတုအပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း ၁/မကန(နိုင်)၀၁၃၃၀၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်စိုးမိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၈၅)**
**ဖုန်း-၀၉-၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၀၈၇၄၆၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်မြိုင်
### အသက် (၉၅)နှစ်

ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်း၏ မိခင် ဒေါ်ကျင်မြိုင်သည် ၁၉-၇-၂၀၂၃ ရက်တွင် မိုးကောင်း ရတနာ မိခင်နှင့် ကလေးဆေးရုံတွင် ကွယ်လွန်သွားပါကြောင်း သိရှိပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်**
**ကျောင်းရုံးဝန်ထမ်းများ၊ အထက-၁ ဒဂုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်မြိုင်
### အသက်(၉၅)နှစ်

ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်း၏ မိခင် ဒေါ်ကျင်မြိုင် သည် ၁၉-၇-၂၀၂၃ ရက်တွင် မိုးကောင်း ရတနာမိခင်နှင့် ကလေးဆေးရုံတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း၊**
**အထက(၁)ဒဂုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းညွန့်
### ခရိုင်မီးသတ်ဦးစီးမှူး(ငြိမ်း)
### အသက်(၅၈)နှစ်

သူငယ်ချင်း ဦးဝင်းညွန့်(ခရိုင်မီးသတ်ဦးစီးမှူး-ငြိမ်း) အသက်(၅၈)နှစ်သည် ၁၈-၇-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ် အမှတ်စဉ်(၂၄/၁၉၉၆)စည်သူတပ်ခွဲမှ**
**သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၁၁)၊ အကွက်အမှတ်(၅၁/ကုလားတန်းရပ်)၊ ဦးပိုင်အမှတ်(၆၂/ခ)၊ မြေဧရိယာ(၀.၀၆၀)ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၀၇၆-၅/၂၀၂၀-၂၀၂၁(အေ)ဖြင့် ဦးဘရှင်(၁၃/လရန(နိုင်)၀၂၅၁၆၆ အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မူရင်းမှာ နေအိမ်မီးလောင်ရာတွင် မီးလောင်ပျက်ဆီးခဲ့သဖြင့် ဦးစိုင်းချစ်မောင်၊ ဦးတင်ထွန်းအောင်၊ ဒေါ်နန်းရွှေခင်၊ ဒေါ်နန်းအေးလှ၊ ဒေါ်နန်းရွှေမေနှင့် ဒေါ်နန်းရွှေလေးတို့မောင်နှမ(၆)ဦးမှ မိတ္တူမှန်ကူးယူခွင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ပညာတန်ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင်ပညာသင်ကြားနေသော မသဇင်မင်း၏ ဖခင်အမည်မှန်မှာ ကော်ကြိုင်းဆို ၁၃/လရန(နိုင်)၀၀၃၂၁၀ ဖြစ်ပါကြောင်း ။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၇-၂၀၂၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၅)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်စိုးစိုးမော်၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ခင်သန္တာအေးအစား ဒေါ်ခင်သစ္စာအေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဆီ(ဘ) ဦးဒေါင်းဝင်း (၁၄/ပတန(နိုင်)၂၁၆၃၉၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ယုဇနလမ်း၊ မြေကွက်အမှတ် (၄၅/ဃ)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)ဟုခေါ်တွင်သော မြေအကျယ် (အလျား xအနံ) (၃၀ပေ-၆လက်မ x ၄၆ပေ /၅၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ(၅)ထပ်တိုက်၊ အခန်း (၁၀)ခန်းပါ ကန်ထရိုက်တာနှင့် မြေရှင် ဒေါ်လီဘိုနီ (ခ) ဒေါ်ဆင့်ဆင့်လှိုင် (ဘ) ဦးရင်စော (၁၂/စခန(နိုင်) ၀၂၈၄၁၄)တို့ (၁-၅-၂၀၁၅)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ပူးပေါင်းဆောင်ရွက်ရန် သဘောတူကတိစာချုပ်အရ မြေရှင်ဒေါ်လီဘိုနီ(ခ)ဒေါ်ဆင့်ဆင့်လှိုင် အကျိုးခံစားခွင့်ရှိသော ပထမထပ်(ခြေရင်းဘက်ခြမ်း)တိုက်ခန်းတစ်ခန်းနှင့်တကွ အရပ်ရပ်သော အကျိုးခံစားခွင့်များကို မြေရှင် ဒေါ်လီဘိုနီ (ခ) ဒေါ်ဆင့်ဆင့်လှိုင် (၁၂/စခန(နိုင်) ၀၂၈၄၁၄)ထံမှ (၁-၆-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင် လက်ရှိထားလျှက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဆီ၏ ခွင့်ပြုချက်မရရှိဘဲ လက်ရှိနေထိုင်သူများ၏ ဝင်ထွက်သွားလာခွင့်ကို ဥပဒေမဲ့နှောက်ယှက်ဟန့်တားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာအရေးယူ တုန့်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးဟန် (LL.B)** | **ဒေါ်ဇင်မျိုးနွယ် (LL.B)** |
| **(စဉ်-၈၆၁၁/၂၀-၁၂-၂၀၁၂)** | **(စဉ်-၄၉၆၆၂/ ၂၇-၄-၂၀၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး - တိုက်အမှတ်(၃၈၃)၊ A-2 ၊ ငမိုးရိပ်(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉ - ၂၆၁၉၉၅၄၄၅**

## ဦးလှမင်း(မော်လမြိုင်)
## ရုံးအဖွဲ့မှူး(အငြိမ်းစား)
## ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
## ကမ္ဘာအေးစေတီဂေါပကအဖွဲ့ဝင်ဟောင်း
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ(ဦးစိဟို-ဒေါ်စောတင်) တို့၏သား၊ (ဒေါ်နီနီ)၏ခင်ပွန်း၊ ဒေါက်တာ အေးအေးခိုင်၊ ဒေါက်တာခင်စိုးရီ-ဒေါက်တာစိုးနိုင်တို့၏ဖခင်၊ ဆုဝင့်နိုင်၏ အဘိုးသည် ၁၉-၇-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅:၁၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၀-၇-၂၀၂၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အရာခံဗိုလ် ဦးစစ်အောင် (တပ်မတော်လေ- ငြိမ်း)
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျိုက်စကောကျေးရွာနေ (ဦးစံခိုင်-ဒေါ်ကြူ) တို့၏သား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နေ (ဦးစိုးသိမ်း-ဒေါ်ကျွန်းနု) တို့၏ သားသမက်၊ ပဲခူးတိုင်းဒေသကြီး ကျိုက်စကောရွာနေ (ဦးညွှန့်မောင်)၊ (ဦးစိန်မောင်- ဒေါ်တင်တင်)၊ (ဦးစောမောင်-ဒေါ်တင်နု)၊ (ဦးညိုအေး-ဒေါ်စိန်မှုံ)၊ (ဦးထွေးတင်-ဒေါ်စိန်တင်)၊ (ဦးထွန်းကြိုင်-ဒေါ်တင်နု)၊ (ဒေါ်သန်းမြင့်)၊ (ဦးရွှေသန်း-ဒေါ်ငွေနှင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်-ဒေါ်ငွေရင်)(စာရေးဆရာမ မလေးယဉ်)တို့၏ ညီမောင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ရတနာလမ်းနေ မမီမီစစ်အောင်၊ မဇာဇာ စစ်အောင်၊ ဆပ်သွားတောကျေးရွာ အရှေ့ပိုင်းနေ ကိုဇော်မင်းလတ်-မကလျာစစ်အောင်၊ မှော်ဘီမြို့နယ်တိုးချဲ့ (၄)ရပ်ကွက်၊ ရတနာလမ်းနေ မအေးနုညိုတို့၏ဖခင်ကြီး မဟေမာန်နှင်း၊ မနွေးနွေးဖူးအောင်တို့၏အဘိုး ဒေါ်နွဲ့အေး၏ခင်ပွန်းသည် ၁၆-၇-၂၀၂၃ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပြီး ၁၈-၇-၂၀၂၃ရက် (အင်္ဂါနေ့)တွင် မှော်ဘီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ညိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/5059 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်းထူး ၇/ပခန (နိုင်)၂၀၁၈၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/3233, HYUNDAI,Bus(4X2)Lယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၇/ကတခ (နိုင်)၀၇၅၆၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄/မြောက်၊ မြေကွက်အမှတ် - ၁၃၃/က၊ ဧရိယာ (၂၀' x ၆၀') မြေကွက်တည်နေရာအမှတ် - ၁၃၃/က၊ မြို့မ(၁၅) လမ်းအလယ်၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးပြေသိန်း - CG - ၀၅၀၃၇၀) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးပြေသိန်း ( CG - ၀၅၀၃၇၀ ) (ဖခင်) သည် (၈-၁၀-၂၀၁၆) ရက်တွင်လည်းကောင်း၊ ဒေါ်သန်းစိန် (မိခင်)သည် ၁၅-၁-၂၀၁၄ ရက်တွင်လည်းကောင်း၊ သားသမီး (၆)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်အေးအေးခိုင်သည် အပျိုကြီးဘဝဖြင့်မိခင်၊ ဖခင်တို့ထက်စော၍ (၁၄-၅-၁၉၉၈) ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ကျန်သားသမီးများဖြစ်သော ဦးဉာဏ်ဇင် (၁၂/သကတ(နိုင်)၀၁၃၀၄၇)၊ ဒေါ်ညိုညိုစန်း (၁၂/သကတ(နိုင်)၀၁၃၀၇၀)၊ ဒေါ်ဝင်းဝင်းမာ (၁၂/သကတ(နိုင်)၀၀၉၇၇၇)၊ ဒေါ်ခိုင်ခိုင်ဝင်း (၁၂/သကတ(နိုင်)၀၀၉၇၅၈) ဦးကျော်ထိန်လင်း (၁၂/သကတ (နိုင်) ၀၀၀၀၁၆) တို့ထံမှ GP အမှတ် - ၉၈၀၁/၂၀၂၂ (၁၄-၆-၂၀၂၂)ရသူ ဦးသိန်းလှိုင် (၁၄/ဖပန(နိုင်)၀၁၅၅၈၅)မှ ပါဝါမရုပ်သိမ်းသေးကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ မိခင်၊ ဖခင်တို့မှ သားသမီးများအဖြစ် မောင်နှမ(၆)ဦးသာ ထွန်းကားခဲ့ကြောင်း၊ မိမိတို့၏ အစ်မကြီး ဒေါ်အေးအေးခိုင်သည် အပျိုကြီးတစ်ဦးဖြစ်ပြီး (၁၄-၅-၁၉၉၈)တွင် ကွယ်လွန်ခဲ့သဖြင့် မိမိတို့မောင်နှမ (၅)ဦးသာ ကျန်ရစ်ခဲ့ကြောင်း၊ အစ်မကြီးဒေါ်အေးအေးခိုင်သည် မိခင်၊ ဖခင်တို့ထက်စော၍ကွယ်လွန်ခဲ့ပြီး အခြားအမွေစားအမွေခံကိတ္တိမသားသမီးများ ကျန်ရစ်ခဲ့ခြင်းမရှိပါသဖြင့် ဖခင်ဖြစ်သူ အမည်ပေါက်ဦးပြေသိန်း၏ ပိုင်ဆိုင်ခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူ သား/သမီးများဖြစ်သော မိမိတို့ကသာလျှင် ပိုင်ဆိုင်သူများ ဖြစ်ကြပါကြောင်း ဦးဉာဏ်ဇင်၊ ဒေါ်ညိုညိုစန်း၊ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးကျော်ထိန်လင်း တို့ကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၃)စောင်၊ ဦးပြေသိန်း (ဖခင်)၊ ဒေါ်သန်းစိန် (မိခင်) နှင့် ဒေါ်အေးအေးခိုင် (အစ်မ)တို့၏ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးလှကြည်
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၃)လမ်း၊ အမှတ်(၄၇၅)နေ ဒေါ်တင်တင်ခိုင်၏ခင်ပွန်း၊ ဒေါက်တာရောင်အပါစူ-ဒေါ်ညိုညိုထွန်း၊ ဦးထက်အောင်လွင်-ဒေါ်ခင်စန္ဒာထွန်း၊ ဦးမင်းသုဟန် တို့ ၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကိုဖီအပါစူ၊ မောင်ရဲရင့်ဟန်၊ မအိန္ဒြေခွန်းချိုသာ၊ မောင်ဉာဏ်ဘုန်းရှိန်ဝါတို့၏ အဘိုးဖြစ်သူသည် ၁၉-၇-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၂၃ရက် (အင်္ဂါနေ့တွင်) အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်အောင်စိုး
### အသက် ( ၅၂) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိတ်ငယ်ရပ်၊ အမှတ်(၁၀၄)၊ ဗိုလ်ချုပ်လမ်း (မြိတ်ထူးကုန်မာဆိုင်) နေ (ဦးစိုးသိန်း-ဒေါ်အေးညွန့်) တို့၏ တတိယမြောက်သား ၊ ဦးထွေးငယ်၏ညီ၊ ဒေါ်သင်းသင်းစိုး၊ ဒေါ်တင်တင်ဝေတို့၏ မောင်၊ ဦးဝင်းနိုင်-ဒေါ်သဉ္ဇာမြတ်ခိုင် (Htoo & Phoo 1985 Co.,Ltd) တို့၏ အစ်ကို၊ မောင်ထူးဝီယနိုင်နှင့် မဖူးအဥ္ဇလီနိုင်တို့၏ ဘကြီးသည် ၂၀-၇-၂၀၂၃ ရက်(ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၇-၂၀၂၃ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ ညိုးငယ်သော စိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ရန်ကုန်နေအိမ်နှင့် ထူးနှင့် ဖူးကုမ္ပဏီ (ညောင်တန်း ပုဇွန်တောင်) ရှေ့မှ ကားများ နံနက် ၉ နာရီတွင် စတင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၂နာရီအထိ အမှတ်(၁၄၆-Q)၊ စန္ဒာသီရိလမ်း၊ ၉မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်ရှိ နေအိမ်သို့ ရက်လည်တရားတော်နာကြွရောက်ပါရန် ညိုးငယ်စွာဖြင့် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6414,UC MPV (UC-MPV-02),Micro Bus(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းမိုး ၁၂/လကန (နိုင်) ၁၉၉၅၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးလင်း(၁၂/ဒပန(နိုင်)၀၀၀၄၂၈)၊ ဒေါ်ခင်မြအေး(၁၂/ဥကတ(နိုင်)၁၃၉၇၁၃) တို့၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၁၁)လမ်း၊ အမှတ်-၃၀၄၊ အကျယ်(၂၅ x ၅၀) ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ခြောက်ထပ်ကန်ထရိုက်တိုက်၏ကန်ထရိုက်တာရရှိသည့် ပဉ္စမထပ်/ဘီ(ပေ၁၂ ၁/၂ x ပေ၅၀)ရှိသည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်အောင်(၁၂/ဗတထ(နိုင်)၀၁၈၃၅၁)နှင့် ဒေါ်မာမာ(၇/လပတ(နိုင်)၁၂၇၉၄၇)တို့က ၂၄-၅-၂၀၁၇ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ကြောင်း၊ ယခုအခါ ဦးအောင်အောင် (၁၂/ဗတထ(နိုင်)၀၁၈၃၅၁)မှ ၄င်းတစ်ဦးတည်းသာ လိုအပ်သလိုစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းနှင့် အခြားမည်သည့်အရှုပ်အရှင်းမဆို ကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံပြီး ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေများမှသဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/၂၀၁၄)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်လွဲ့လွဲ့ဝင်းထူး(LL.B) (စဉ်-၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှမြေကွက်အမှတ်(ပ-၃၂၆၂၇)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက် အမည်ပေါက် ဒေါ်သန်းသန်းနိုင် ၁၂/ဥကမ(နိုင်) ၀၅၀၁၆၄ (ဘ)ဦးညွန့်မောင် မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက် မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှ စ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ (၈)မိုင်လမ်းဆုံး မြို့ပြအိမ်ရာစီမံကိန်း မြောက်ဘက်အခြမ်း၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၄)နှင့်ပတ်သတ်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန်ရှိ မရှိအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာအိပ်ရာတိုက်ခန်းနှင့်ပတ်သတ်၍ (၁)ဦးသန်းကြူ (၁၂/စခန(နိုင်)၀၀၇၅၄၂)၊ (၂)ဦးထွေးသန်း(၁၂/မရက(နိုင်)၀၆၀၄၆၉)၊ (၃) ဒေါ်ခင်မျိုးမြင့် (၁၂/မရက(နိုင်)၀၄၂၀၀၃၇)တို့သည် လက်ဝယ်ပိုင်ဆိုင်အကျိုးခံစား ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင် ဇော်ဦး(၁၂/မရက(နိုင်)၀၆၄၈၈၃)မှ အပြီးအပိုင်ဝယ်ယူရန် ၁၈-၇-၂၀၂၃ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | |
| **ဦးအောင်ဇော်ဦး** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| ၀၉-၄၂၁၅၆၆၉၈၇ | ဦးအောင်ဇင်ဘို(စဉ်-၃၄၆၉၃)၊ ဒေါ်အေးမြတ်မိုး(စဉ်-၃၂၀၉၄) (အထက်တန်းရှေ့နေများ) |
| | အမှတ်-၆၃၃၊ မာဃ-၁၀ လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း-၀၉-၄၂၀၀၆၅၈၀၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

---

❖ **လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ လူတိုင်း၊ နိုင်ငံတိုင်းရဲ့ လိုလားချက်၊ မျှော်လင့်ချက် ဖြစ်ပါတယ်။ ဒီလိုလားချက်၊ မျှော်လင့်ချက်ကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်တင်ဖြည့်ဆည်းကြပါမယ်။ ကျွန်တော်တို့တစ်တွေ လုံ့လဝီရိယ ခွန်အားစိုက်ထုတ် ဆောင်ရွက်ဖို့သာ လိုပါတယ်။ ဆန္ဒကြီးခြင်းဖြင့် ကျွန်တော်တို့ ကြံသမျှပြီးရပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG4 (Mulan) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးနှင့် Earth Renewable Energy Co.,Ltd. မှတင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၃၀၊ စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် အစီး ၄၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ သတင်းစဉ်



ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ်များကို တွေ့ရစဉ်။

---

### ယနေ့ သတင်းအညွှန်း

**အိန္ဒိယနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြေပြိုမှုဖြစ်ပွားကာ သေဆုံးသူ ၁၆ ဦးအထိတိုးလာ**

နိုင်ငံတကာသတင်း စာ ၁၃

**KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများရရှိ**

ပြည်တွင်းသတင်း စာ ၁၄

---

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

---

## AFC Cup အကြိုခြေစစ်ပွဲအဆင့်တွင် ရန်ကုန်အသင်းနှင့် ဘရူနိုင်းကလပ် DPMM တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၃ - ၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဆင့် ပွဲစဉ်များကို ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် အကြို ခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် DPMM အသင်းနှင့် တွေ့ဆုံနေသည်။

မြန်မာကလပ်များသည် AFC Cup ပြိုင်ပွဲ၏ အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လေးသင်းသုံးအုပ်စုခွဲ၍

စာမျက်နှာ ၉ ကော်လံ ၁ ❐

